# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

**လောကဝဂ်(ဓမ္မပဒ-၁၇၃)**


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 6 August 2026 ၁၂၂၆၁


## ယနေ့ ဖတ်စရာ


ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်များအား ခေတ်မီ x-Ray စက်ကြီးများ၊ Mobile x-Ray စက်များဖြင့် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၅

တီးတိန်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကျောင်းပေါင်း ၁၁၅ ကျောင်းနှင့် ကျောင်းသား ကျောင်းသူ ၁၃၀၆၂ ဦး ပညာသင်ကြားပေးလျက်ရှိ

စာမျက်နှာ » ၈

စာကိုလည်းသင် စိတ်လည်းပြင်

ဆောင်းပါး စာမျက်နှာ » ၁၀

ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာ

စာမျက်နှာ » ၁၁


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘိုအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ်ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဦးခင်မောင်ရီ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာလက်ထောက်ဆရာတော်ကြီး နီအယ်စောနောအေး၊ ကျိုင်းတုံ၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်နှင့် မြစ်ကြီးနားတို့မှ ကက်သလစ်ဂိုဏ်းအုပ် ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌက နှုတ်ခွန်းဆက် ဆုတောင်းစကားပြောကြားရာတွင်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ★


## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၅

ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။


မိုး/၈လ


## ပြည်ပပို့ကုန် သကြားထုတ်လုပ်သည့် ချက်ကြံ ၃၄၃၆ ကေနှင့် စားကြံ ၅၁၁ ကေ စိုက်ပျိုးထား



ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး အတွင်း ပြည်ပပို့ကုန် သကြားထုတ်လုပ်သည့် ချက်ကြံ ၃၄၃၆ ကေနှင့် စားကြံ ၅၁၁ ကေကို လျာထားကေထက် ကျော်လွန်၍ စိုက်ပျိုးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချက်ကြံကို တိုက်ကြီးမြို့နယ်အတွင်းရှိ ဂုံညင်းတန်း၊ ကျွဲဘုတ်၊ မဂရီ၊ ချင်းကုန်း၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪




## ဖြူးမြို့နယ်၌ မိုးစပါး ၁၅၀၉၅၄ ကေ စိုက်ပျိုးနိုင်ရန်လျာထား

ဖြူး ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မိုးစပါး ၁၅၀၉၅၄ ကေစိုက်ပျိုးနိုင်ရန် လျာထားပြီး လျာထားစိုက်ကေကပြည့်မီရေး ဆောင်ရွက်လျက်ရှိသည်။

မိုးစပါးစိုက်ပျိုးရာတွင် မျိုးစေ့ချက်ရိယာဖြင့် ၁၀၀၆၆၅ ကေ၊ ကောက်စိုက်စက်ဖြင့် ၂၀၈၂ ကေ၊ ရိုးရိုး ၄၈၂၀၇ ကေ စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် အဓိကစိုက်ပျိုးသော မျိုးများမှာ ရေမြေပဲခံ YMR-20၊ Yar-14၊ အောင်နိုင်တိုးYSR-1၊ ရက်၉၀၊ ရတနာတိုး၊ နံကောက်၊ ပေါ်ဆန်းရင်-၁၊ ပေါ်ဆန်းရင်-၂ မျိုးများစိုက်ပျိုးကြကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဘဝအတွေ့အကြုံမှ သင်ခန်းစာယူ၍ ပြောင်းလဲတိုးတက်ခြင်း


ဆောင်းပါး စာမျက်နှာ » ၆

# ခိုင်ကျည်မြဲမြံ နိုင်ငံနှင့်လူမျိုးချစ်စိတ်ဖြင့် နိုင်ငံတော်သစ်ဝိုင်းဝန်းတည်ဆောက်

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတည်ဆောက်ရာ၌ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ရေးဆိုသည့် အမျိုးသားအကျိုးစီးပွားကိုအလေးထားသော နိုင်ငံချစ်သည့် နိုင်ငံသားတစ်ယောက်ဖြစ်ရန်လိုသည်။ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်သည် မိမိနိုင်ငံနှင့် နှိုင်းယှဉ်လာပါက မိမိနိုင်ငံသည်သာ အဓိကဆိုသည့် စိတ်ဓာတ်ကို ခိုင်ခိုင်မာမာစိုက်ထူထားနိုင်သူဖြစ်ရမည်။ သူတစ်ပါးနိုင်ငံကို အထင်ကြီးစိတ်သည် ထိုနိုင်ငံ၏ တိုးတက်ကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ဓာတ်များကို အတုယူအားကျရန်သာဖြစ်သည်။ မိမိနိုင်ငံကို အထင်သေးပြီး သူတစ်ပါးနိုင်ငံကို အထင်ကြီးအားကိုးခြင်းသည် သူတစ်ပါးလက်ဝေခံအဖြစ် နေထိုင်လိုသော မိမိနိုင်ငံကို တန်ဖိုးမထားသူသာဖြစ်ပေမည်။

အကြောင်းကြောင်းကြောင့် တိုင်းတစ်ပါးသို့ ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများ အမြောက်အများရှိသည်။ ထိုနိုင်ငံသားများတွင် ရေခြားမြေခြား ရောက်ရှိနေကြသော်လည်း မြန်မာနိုင်ငံကို သတိရ၊ မြန်မာနိုင်ငံကို တန်ဖိုးထားကြ၊ မြတ်နိုးကြသူများရှိသည်။ သူတစ်ပါးနိုင်ငံတွင် နေထိုင်လုပ်ကိုင်နေကြသော်လည်း မြန်မာနှင့်ပတ်သက်လျှင် အထိမခံ၊ အဝေဖန်မခံနိုင်သည့် နိုင်ငံချစ်သူများလည်း ရှိသည်။ အကြောင်းအမျိုးမျိုးဖြင့် တိုင်းတစ်ပါးသို့ရောက်ရှိနေပြီး မိမိနိုင်ငံကို အကျိုးမပြုသည့်အပြင် မိမိနိုင်ငံကို အထင်သေး၊ မိမိနိုင်ငံကို သခင်အားရကျွန်ပါးဝသကဲ့သို့ နိုင်ငံကို အကောင်းမမြင် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေကြသူများရှိသည်။ တိုင်းတစ်ပါးရောက်နေသူများတွင် နိုင်ငံကို ချစ်မြတ်နိုးသူနှင့် ပျက်စီးစေလိုသူများကို ခွဲခြားရှုမြင်ရမည်ဖြစ်သည်။

မည်သည့်နိုင်ငံသားမဆို နိုင်ငံတော်နှင့် နိုင်ငံသားများကို အလေးအနက်ထားဦးထိပ်ပန်ဆင်ကြသူများသည်။ နိုင်ငံတော်ကို ပြန်လည်အလုပ်အကျွေးပြုဖို့၊ နိုင်ငံတော်ကို ပြန်လည်စောင့်ရှောက်ဖို့ စိတ်အားထက်သန်ကြသူများသည်။ တည်တံ့ခိုင်မြဲသောနိုင်ငံကြီးများမှ နိုင်ငံသားများသည် တိုင်းတစ်ပါးသို့ မည်သည့်ပုံစံဖြင့် ရောက်ရှိသည်ဖြစ်စေ နောက်ဆုံးထွက်သက်အထိ မိမိနိုင်ငံ အခွန့်ရှည်ပါစေဟု ကြွေးကြော်အဆုံးသတ်ကြသည်ကို တွေ့မြင်ဖူးမည်ဖြစ်သည်။ ဓာတ်လမ်းတစ်ပုဒ်တွင် နိုင်ငံကြီးတစ်နိုင်ငံသို့ တရားမဝင်ဝင်ရောက်ခဲ့သော အခြားနိုင်ငံကြီးတစ်နိုင်ငံမှ နိုင်ငံသားတစ်ဦးအား ဖမ်းဆီးရမိသည့်အခါ ထိုနိုင်ငံက အရေးယူအပြစ်ပေးခြင်းသို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်းတို့ကို ပြုလုပ်လေ့ရှိသည့်အပြင် အထူးအခွင့်အရေးအနေဖြင့် တရားရုံးတွင် ဒုက္ခသည်အဖြစ်ခံယူပြီး နိုင်ငံသားအဖြစ် ခံယူခွင့်ပေးထားသည်။

အဆိုပါနိုင်ငံသားအား နိုင်ငံသားအဖြစ်ခံယူလိုပါက မိမိနိုင်ငံတွင် ဆင်းရဲဒုက္ခရောက်နေကြောင်း ထွက်ဆိုပြီး ထိုနိုင်ငံ၏သစ္စာကို ခံယူပါမည်ဟု ကျိန်ဆိုခိုင်းသောအခါ အံကြိတ်မာန်တင်းပြီး မိမိနိုင်ငံ အခွန့်ရှည်ပါစေဟုကြွေးကြော်ကာ အပြစ်ပေးခံယူခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းကိုခံယူခဲ့သည့် နိုင်ငံသားတစ်ယောက်အကြောင်းကို ကြားသိဖူးသည်။ အဆိုပါနိုင်ငံသားသည် ၎င်းအနေဖြင့် မည်မျှအခက်အခဲအကျပ်အတည်းရှိသော်လည်း မိမိနိုင်ငံနှင့်ယှဉ်လာပါက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် မည်မျှပြင်းထန်သည်ကို ထုတ်ဖော်ပြသနိုင်ခဲ့သည်။ မိမိနိုင်ငံ အခက်အခဲ အကျပ်အတည်း မည်မျှရှိသည်ဖြစ်စေ မိမိနိုင်ငံ၊ မိမိဖြေတွင် မိမိလူမျိုးတို့နှင့်အတူတကွ လက်တွဲပြီး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူလက်တွဲဆောင်ရွက်မည်၊ တိုင်းတစ်ပါးတွင်နေထိုင်ခဲ့ပြီး မိမိနိုင်ငံကို ပြန်လည်အကျိုးပြုမည်ဆိုသည့် စိတ်ထားများဖြင့် ဆောင်ရွက်ကြရာ နိုင်ငံအခွန့်ရှည်တည်တံ့ခိုင်ဖြစ်ပြီး တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများကို တွေ့နိုင်သည်။

နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်သည် မည်မျှအရေးကြီးကြောင်း နိုင်ငံတိုင်း နိုင်ငံတိုင်း သိရှိထားကြသည်။ နိုင်ငံသားတိုင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်အောင် နယ်ပယ်ကဏ္ဍအသီးသီးတွင် ထိန်းသိမ်းမြှင့်တင်ထားကြသည်။ မည်မျှခေတ်မီတိုးတက်ပြောင်းလဲနေသည်ဖြစ်စေ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ် ခိုင်ကျည်အောင် ကြိုးပမ်းစွမ်းဆောင်ထားကြသည်။ ထိုနိုင်ငံများသည် အခွန့်ရှည်တည်တံ့ခိုင်မြဲတိုးတက်ကြသည်။ မြန်မာနိုင်ငံတွင် အမျိုးမျိုးသော သွေးကွဲမှုများကြောင့် နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ပါးလျားနေသည်ကို တွေ့ရသည်။ တိုင်းတစ်ပါးကို အထင်ကြီးစိတ်၊ မိုက်အားထားလိုစိတ်များ များနေသည်။ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်လိုစိတ်များ လျော့ပါးနေသည်။ ထို့ကြောင့် ငုပ်လျှိုးနေသော ဓာတ်မာန်စိတ်ဓာတ် တက်ကြွလာအောင်၊ အသိအမြင်ကျယ်ပြန့်လာအောင်၊ အတွေးအခေါ်မြင့်မားလာအောင် ပျိုးထောင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေခဲမြေခဲကောင်းများရှိပြီး နိုင်ငံတော်အစိုးရကလည်း အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံတော်သစ်တည်ဆောက်ရေးကို အရှိန်အဟုန်ဖြင့် တည်ဆောက်သွားရန် ကတိကဝတ်ပြုထားသည်။ နိုင်ငံသူ နိုင်ငံသားများအားလုံးကလည်း နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်ဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အောက်ကျနောက်ကျမဖြစ်စေရန်၊ ရင်ပေါင်တန်းနိုင်ရန် နိုင်ငံတော်နှင့်အတူ ပိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း။ ။

# ကျောင်းပြင်ပမူလတန်းပညာရေး -NFPE နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး-NFME အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အစီအစဉ်

၁။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေသည့်သက်လွန်ကျောင်းပြင်ပရောက်ကျောင်းသားကျောင်းသူများကို ကျောင်းပြင်ပမူလတန်းပညာရေး- NFPE တွင် အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်းရှိသူများအားလည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး- NFME တွင် အသက် ၁၃ နှစ်မှ အသက် ၂၁ နှစ်အတွင်းရှိသူများအားလည်းကောင်း အတန်းနေရာချထားစစ်ဆေးမှု (Placement Test)အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့်သတ်မှတ်၍ မူဝါဒများနှင့်အညီ စီစစ်လက်ခံသင်ကြားပေးသွားမည်ဖြစ်ပါသည်။

၂။ အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ကျောင်းပြင်ပမူလတန်းပညာရေး- NFPE တွင်ဖြစ်စေ၊ ကျောင်းပြင်ပအလယ်တန်းပညာရေး- NFME တွင်ဖြစ်စေ ဖြေဆိုရန်အတွက် ပညာရေးဆိုင်ရာထောက်ခံချက်များ သို့မဟုတ် အရေးပေါ်အခြေအနေကြောင့် ထောက်ခံချက်မရသူများမှ အမှန်တကယ်ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ အသက်ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်ထားစာရင်းပေးသွင်းရမည် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများက သတ်မှတ်ပေးသောနေရာများတွင် အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ကို ၉-၈-၂၀၂၆ ရက်နေ့ (တနင်္ဂနွေ)၌ ဖြေဆိုကြရပါမည်။ (အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်ပညာရေးမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။)

ပညာရေးဝန်ကြီးဌာန

# (၅-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၅ ~ ၃၆၆၈ | ၅၅၈ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၅၃၃,၈၇၅.၆၃ | ၄,၇၄၉,၈၇၂.၅၅ | ၄,၉၃၅,၅၆၀.၃၈ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ ကား/ ဆိုင်ကယ် အပိုပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီ ကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ၅ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အဝိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၇,၅၀၀ | ၁၈,၀၀၀ | ၂,၁၉၈ | ၃၈,၇၅၈,၅၀၀ |
| MTSH | ၈,၆၀၀ | ၈,၈၀၀ | ၃,၁၇၉ | ၂၇,၃၄၂,၄၀၀ |
| MCB | ၁၄,၅၀၀ | ၁၃,၀၀၀ | ၂၃၄ | ၃,၀၄၆,၅၀၀ |
| FPB | ၆,၁၀၀ | ၆,၈၀၀ | ၁,၅၉၂ | ၉,၉၅၃,၂၀၀ |
| TMH | ၃,၆၀၀ | ၃,၆၀၀ | ၂၁ | ၇၅,၆၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၄၉၈ | ၉၇၁,၃၅၀ |
| AMATA | ၄,၁၀၀ | ၄,၂၀၀ | ၁၇၁ | ၇၀၁,၂၀၀ |
| MAEX | ၆,၅၀၀ | ၆,၅၀၀ | ၂,၃၀၀ | ၁၄,၉၅၀,၀၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၆,၀၀၃ | ၃၇,၈၁၈,၉၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၇၀၀ | ၂၂,၈၂၇ | ၁၅၂,၉၄၀,၉၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း | - ခင်မိုမို့အောင်၊ |
| စာတည်းမှူး | - အေဝမ်းစိုး | သတင်းထောက်များ | ခင်မျိုးနိုင်၊ မာစိုး၊ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ | | နိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| | ယုဝါဂါ၊ သီသီမင်း၊ | အငယ်တန်း | - အောင်ကျော်ဦး၊ သန်းတင်အောင် |
| | ဟိန်းထက်လင်း၊ သက်ထွေး၊ | သတင်းထောက်များ | ခင်သက်မွန်၊ မြသီတာ |
| | စန်းယဉ်ဌ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| | စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နိုလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၅

# လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြုမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘိုအား လက်ခံတွေ့ဆုံစဉ်။

★ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကြီးလေးသည့် နိုင်ငံတော်တာဝန်များကို အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်လျက်ရှိမှုအပေါ် မိမိတို့အနေဖြင့် ဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်ကို ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ကက်သလစ်ဘာသာဝင်များ အနေဖြင့် လွတ်လပ်စွာ ကိုးကွယ်မှုဖြင့် ဘာသာ သာသနာ အကျိုးများကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး အနေဖြင့် ကက်သလစ် ဘာသာဝင်များ ဝတ်ပြုဆုတောင်းခြင်းများ ပြုလုပ်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ်ရှိ မြေနှစ်ကေပေါ်တွင် ဘုရားကျောင်း ဆောက်လုပ်ရန် ခွင့်ပြုပေးခဲ့မှုအပေါ် မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်နှင့် ကက်သလစ်ဘာသာဝင်များအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားများ အားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာ အေးချမ်းသာယာပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံ၌ ဘာသာတရားနှင့် ပတ်သက်၍ ယုံကြည်ရာ ဘာသာသာသနာများအလိုက် လွတ်လပ်စွာ ကိုးကွယ်ခွင့် ပေးထားပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများသို့ သွားရောက်လှူဒါန်းမှုများနှင့် လေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ကိုးကွယ်ရာ ဘာသာများအလိုက် ဝတ်ပြုမည့် နေရာများအနေဖြင့် သင့်တော်သည့် ခံထည်ခမ်းနားမှုများရှိရန် လိုအပ်လျက်ရှိနေသည်ကိုတွေ့မြင်ခဲ့ရပါကြောင်း၊ နိုင်ငံ၏ သမိုင်းကြောင်းတွင် လေ့လာကြည့်မည်ဆိုပါကလည်း ကိုးကွယ်ရာ ဘာသာရပ်များအလိုက် သာသနာ ပြုနိုင်ရန်အတွက် မြေနေရာများခွင့်ပြုပေးခဲ့သည်ကို တွေ့မြင် သိရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်တွင်လည်း ကိုးကွယ်ရာ ဘာသာအလိုက် အထွတ်အမြတ်ထားရာ ဘုရားကျောင်းများ တည်ဆောက်ရန်နှင့် ဝတ်ပြုရန်နေရာများအား ခံခံထည်ထည် ဖြစ်ပေါ်လာစေရေး မြေနေရာများကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာ ဘာသာ သာသနာနှင့် ပတ်သက်၍ ခွဲခြားမှုများမထားရှိဘဲ ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်ရေး အားပေးလျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် စည်းကမ်း စနစ်တကျရှိသည့် ဒီမိုကရေစီဖြစ်ရန်လိုပြီး ဘာသာရေးအရ နိုင်ငံရေးအရ ငြိမ်းချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ လည်း မိမိအနေဖြင့် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်သမျှသော နည်းလမ်းမျိုးစုံဖြင့် တိုင်းပြည်ငြိမ်းချမ်းမှု ရရှိအောင် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အဝှယ်ဥဿုံနေထိုင်ကြသည့် လူဘောင်အဖွဲ့အစည်း တစ်ခုအတွင်း၌ ကြုံတွေ့လာသည့်ပြဿနာများကို ဒီမိုကရေစီ နည်းလမ်းဖြစ်သည့် တွေ့ဆုံ ဆွေးနွေးအဖြေရှာခြင်း နည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာ တစ်နည်းအားဖြင့် နိုင်ငံရေးအရတောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည် ဖြစ်ပါကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် တောင်းဆို၍ရနိုင်မည် မဟုတ်ပါကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ကိုးကွယ်ရာ ဘာသာတိုင်းသည် မှန်ကန်သည့် အတွေးအခေါ်များ ပေးနိုင်ပါကြောင်း၊ ထို့ကြောင့် ဘာသာရေးဆိုင်ရာ ခေါင်းဆောင်နေရသူများအနေဖြင့်လည်း နိုင်ငံတော်ကြီးငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အတွေးအခေါ်များနှင့် စိတ်ဓာတ်များ ယဉ်ကျေးသိမ်မွေ့လာစေရေး၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်ရေး ဘာသာတရားမှ တစ်ဆင့် ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၏ လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ်ချားလ်စ်ဘိုတို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## ✪ ပြည်ပပို့ကုန်မှ

ဥက္ကံ မျိုးပွား၌တို့တွင် စိုက်ပျိုးကြပြီး နိုင်ငံခြားမျိုးများဖြစ်သည့် K95/84၊ KK-3၊ K2000/89 မျိုးစိတ်များနှင့် စိုက်ပျိုးရေးသုတေသနနှမ ထုတ်လုပ်သည့် Dar-4 အထွက်ကောင်း ချက်ကြံ မျိုးစိတ်တို့ကို မိုးသီးနှံအဖြစ် စိုက်ပျိုးထားကာ ယမန်နှစ် နိုဝင်ဘာလက စိုက်ပျိုးခဲ့သည့် ကြံခင်းများကို အောက်တိုဘာလကုန်ပိုင်းတွင် စတင်၍ ရိတ်သိမ်းမည်ဖြစ်သည်။

ထို့အတူ လှည်းကူးမြို့နယ်အတွင်း စားကြံကို စိုက်ပျိုးမှုများကြောင်း သိရသည်။ "မြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ကြံကနေ တင်လဲရည်ကို ပြည်တွင်းမှာ အသုံးပြုပြီး သကြားကို ပြည်ပပို့တာဖြစ်တဲ့အတွက် နိုင်ငံခြားဝင်ငွေရပါတယ်။ တောင်သူတွေအတွက်လည်း ဈေးကောင်းရတဲ့ သီးနှံဖြစ်တာကြောင့် အကျိုးအမြတ်လည်းရှိနေပါတယ်" ဟု ရန်ကုန်ပိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း ချက်ကြံ ၃၃၈၁ ဧကနှင့် စားကြံ ၅၀၇ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧကကို လျာထားဘာသာတိုင်းသည် မှန်ကန်သည့် အတွေးအခေါ်များ ပေးနိုင်ပါကြောင်း၊ ထို့ကြောင့် ဘာသာရေးဆိုင်ရာ ခေါင်းဆောင်နေရသူများအနေဖြင့်လည်း နိုင်ငံတော်ကြီးငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အတွေးအခေါ်များနှင့် စိတ်ဓာတ်များ ယဉ်ကျေးသိမ်မွေ့လာစေရေး၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်ရေး ဘာသာတရားမှ တစ်ဆင့် ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၏ လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ်ချားလ်စ်ဘိုတို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ဥက္ကံ မျိုးပွား၌တို့တွင် စိုက်ပျိုးကြပြီး နိုင်ငံခြားမျိုးများဖြစ်သည့် K95/84၊ KK-3၊ K2000/89 မျိုးစိတ်များနှင့် စိုက်ပျိုးရေးသုတေသနနှမ ထုတ်လုပ်သည့် Dar-4 အထွက်ကောင်း ချက်ကြံ မျိုးစိတ်တို့ကို မိုးသီးနှံအဖြစ် စိုက်ပျိုးထားကာ ယမန်နှစ် နိုဝင်ဘာလက စိုက်ပျိုးခဲ့သည့် ကြံခင်းများကို အောက်တိုဘာလကုန်ပိုင်းတွင် စတင်၍ ရိတ်သိမ်းမည်ဖြစ်သည်။

ထို့အတူ လှည်းကူးမြို့နယ်အတွင်း စားကြံကို စိုက်ပျိုးမှုများကြောင်း သိရသည်။ "မြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ကြံကနေ တင်လဲရည်ကို ပြည်တွင်းမှာ အသုံးပြုပြီး သကြားကို ပြည်ပပို့တာဖြစ်တဲ့အတွက် နိုင်ငံခြားဝင်ငွေရပါတယ်။ တောင်သူတွေအတွက်လည်း ဈေးကောင်းရတဲ့ သီးနှံဖြစ်တာကြောင့် အကျိုးအမြတ်လည်းရှိနေပါတယ်" ဟု ရန်ကုန်ပိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း ချက်ကြံ ၃၃၈၁ ဧကနှင့် စားကြံ ၅၀၇ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧကကို လျာထား ချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

စားကြံကို ရန်ကုန်မြို့တွင် ကြံရည်အဖြစ် ဆောင်ရာသီတွင် ရောင်းချလေ့ရှိပြီး ချက်ကြံကို တင်လဲရည်ထုတ်လုပ်၍ အဖျော်ယမကာနှင့် အခြားစားသောက်ကုန်ထုတ်လုပ်ရာတွင် အသုံးပြုကာ ချက်ကြံရည်ကို ကြိုချက်ရာမှ သကြားထုတ်လုပ်မှုဖြင့် ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပသို့ တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ကြောင်း သိရသည်။ **သစ္စာ(MNA)**

**ဓာတ်ပုံ - ဇွဲမာန်**

**❐ ကျောဖုံးမှ**

အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များကို သက်သာလျော့ပါးစေရန်နှင့် သဘာဝဘေးဖြစ်ပွားပြီးချိန်တွင် ပြန်လည်ထူထောင်ရေးအတွက် ကြိုတင်စီမံထားရှိပြီးဖြစ်ပါကြောင်း၊ ယခုအခါ လေးမျက်နှာမြို့နယ် ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်မှကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားလျှင်ဖြစ်ပွားခြင်း တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီပူးပေါင်းပြီး အမြန်ဆုံး တံ့ပြန်ဆောင်ရွက်ခဲ့ကြသည့် အတွက် လူအသေအပျောက် တစ်စုံတစ်ရာမရှိဘဲ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်သမ္မတ ကလည်း သဘာဝဘေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို အကောင်းဆုံးနှင့် အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဧရာဝတီနှင့် ဝဝန်မြစ်ရိုးတစ်လျှောက်ရှိ တာများကြီခိုင်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရန်၊ ရေကင်းများ စနစ်တကျ ချထားဆောင်ရွက်ရန်နှင့် ထူခြားမှုရှိပါက ပြည်သူလူထုကို အသိပေးနိုင်သည့်စနစ် ထူထောင်ထားရှိရန်လိုအပ်ပါကြောင်း၊ ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရန်နှင့် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်နိုင်ရန် မြစ်ကြောင်းများတွင် အနိမ့်တမံများလည်းတည်ဆောက်နိုင်ပါကြောင်း။

ရေကြီးရေလျှံမှုကြောင့် ပြန်လည်ပြင်ဆင်ရန်လိုအပ်သည့် လမ်းတံတားများ၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေး၊ ကျောင်း၊ ဆေးရုံ၊ သောက်သုံးရေစနစ်များကို အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ကဏ္ဍအလိုက် စီမံပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေနစ်မြုပ်ပျက်စီးသွားသည့် လယ်ယာမြေများတွင် စပါးပြန်လည်စိုက်ပျိုးရန်နှင့် အချိန်နမမီပါက အခြားသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်းနှင့် မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများ၊ လိုအပ်သည့် ထောက်ပံ့ကူညီမှုများနှင့် နည်းပညာများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရတို့က ပူးပေါင်းစီစဉ်ပေးသွားမည်ဖြစ်ကြောင်း။

ကျောင်းဖွင့်ရာသီ ဖြစ်သောကြောင့် ရေပြန်လည်ကျခါနိုင်တွင် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံကူညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာတမံများ၊ မြစ်ကမ်းများ၏ တောင့်တင်းခိုင်မာမှုနှင့် ကြံ့ခိုင်မှုတို့အတွက် ရေတိုအစီအမံများနှင့် ရေရှည်ဆောင်ရွက်မည့်အစီအမံများကို ဦးစားပေးလုပ်ငန်း တစ်ရပ်အဖြစ် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆွေးနွေးပေးကြရန်နှင့် မိမိတို့တိုင်းဒေသကြီးအတွင်းရှိကားလမ်း၊ ရထားလမ်းပိုင်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်ရန်နှင့် ရေဘေးသင့် ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာဌာနများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး ဟသံတခရိုင် လေးမျက်နှာမြို့နယ်တွင် ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးအထောက်အကူပြု ကုသမှု ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ဒုတိယ ဝန်ကြီးများနှင့် တက်ရောက်လာသူများက ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှု၊ ကူညီ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ကိုလည်းကောင်း၊ ရေနှစ်ဝင်ရောက်လှေရှိသည့် လယ်ယာများတွင် ရေနှစ်တားတာများကို ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



## ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ စုဆောင်းပြီး လိုအပ်သည့်နေရာများသို့ အမြန်ဆုံးပို့ဆောင် လှူဒါန်းလျက်ရှိ

**ပုသိမ် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အားကစားပြိုင်ပွဲရုံ(၂)၌ လေးမျက်နှာမြို့နယ် ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်မှကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ကာ ရေဘေးသင့်ခဲ့ရသည့် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများကို ပုသိမ်မြို့ အားကစား ပြိုင်ပွဲရုံ(၂)၌ စုဆောင်းထားရှိပြီး လိုအပ်သည့် နေရာများသို့ အမြန်ဆုံး ပို့ဆောင်လှူဒါန်းလျက်ရှိသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများ စနစ်တကျထားရှိစေရေး၊ လိုအပ်သည့် နေရာများသို့ အမြန်ဆုံး ပို့ဆောင်လှူဒါန်းနိုင်ရေး အတွက် စီမံဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံ၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ပုသိမ်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)၊ နည်းပညာတက္ကသိုလ် (ပုသိမ်)၊ ပုသိမ်ပညာရေး ဒီဂရီကောလိပ်တို့မှ ကျောင်းသား ကျောင်းသူ ၁၀၂ ဦးတို့၏ စုပေါင်း သွေးလှူဒါန်းမှုကို သွားရောက် ကြည့်ရှုအားပေးပြီး သွေးအလှူရှင် များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်မှကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရေဝင်ရောက်ခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုကြောင့် ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်မှကျမှုဖြစ်ပွားပြီးရေကျော်စီးဝင်ခြင်းကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်း လမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟသံတမြို့နယ်မှ ၂၆ ရွာ၊ ရေကြည်မြို့နယ်မှ ခြောက်ရွာနှင့် ကျံပျော်မြို့နယ်မှ နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ**

အဆိုပါ ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်မှကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်း လမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟသံတမြို့နယ်မှ ၂၆ ရွာ၊ ရေကြည်မြို့နယ်မှ ခြောက်ရွာနှင့် ကျံပျော်မြို့နယ်မှ နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာရှိ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးကူညီကယ်ဆယ်ရေး စခန်း ၁၃ ခု ဖွင့်လှစ်ထားရှိပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာတာပေါင်မြေဖို့ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၅**

မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

**မိုး/၈လ**

# မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) အကြီးစားပြုပြင်မှုများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၅

မန္တလေးလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ကို အကြီးစားပြုပြင်တည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (နေပြည်တော်)ရှေ့မျက်နှာစာအား Light Weight Block အုတ်စီခြင်း၊ အဆောက်အအုံ၏ ပင်မအတက်အဆင်း လှေကားအသစ်ပြုလုပ်ခြင်း၊ အမိုးသွပ်လဲလှယ်ခြင်း၊ မြေညီထပ်နှင့် ပထမထပ်များပြင်ဆင်ခြင်း၊ Basement ကြမ်းခင်းမြှင့်တင် ဆောင်ရွက်ခြင်း၊ Valt အခန်းများနှင့် ပြတိုက်အဝင်မုခဲဦးတို့ကို မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး၊ တာဝန်ရှိသူများနှင့် အတူ ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် အဆောက်အဦ တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ၊ ဒီဇိုင်းအင်ဂျင်နီယာတို့က ဦးစားပေး အဆင့်လိုက် တည်ဆောက်ပြီးစီးနိုင်မှုအခြေအနေ၊ ပြခန်းအလိုက် နေရာချထားမည့် အခြေအနေများ ရှင်းလင်းတင်ပြမှုများအပေါ် သတ်မှတ်ကာလအတွင်း အချိန်ဇယားနှင့် ကိုက်ညီရေးမှာကြားသည်။

သတင်းစဉ်

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိ

လွိုင်ကော် ဩဂုတ် ၅

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပြည်နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုကဲ့သို့ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နေသည့် လွိုင်ကော်မြို့ ပန်ကန်းတိုးချဲ့ရပ်ကွက်ရှိ ဦးသန်းထိုက်၏ဥစားကြက်မွေးမြူရေးခြံကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစဉ် ပြည်နယ်အတွင်း စားရေရိက္ခာ ဖူလုံရုံသာမက ပြည်နယ်ပြင်ပသို့ တင်ပို့ရောင်းချနိုင်ရေး မျှော်မှန်းဆောင်ရွက်ရန်၊ မွေးမြူရေးခြံများတွင် ရောဂါများဖြစ်ပွားမှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် မှုပြာကျေးရွာ မြို့မအုပ်စုရှိ တောင်သူဦးထွန်းအောင်၏ ကွင်းအမှတ်(၁၄၃)၌ ရွှေရင်အေးမိုးစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုအတူ အမှတ်(၇) တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် စစ်သည်များကိုလည်း သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်များအား ခေတ်မီ x-Ray စက်ကြီးများ၊ Mobile x-Ray စက်များဖြင့် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိ

ပဲခူး ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ဝေမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးဂိတ်ရှိ ပို့ကုန်စစ်ဆေးရေးဂိတ်နှင့် သွင်းကုန်စစ်ဆေးရေးဂိတ်များတွင် မော်တော်ယာဉ်များအား ခေတ်မီ x-Ray စက်ကြီးများ၊ Mobile x-Ray စက်များဖြင့် နေ့စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ မော်တော်ယာဉ်များအား စက်များဖြင့် စစ်ဆေးဆောင်ရွက်မှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့ပြင် ဒုဂိတ်ဦးမြို့ ဒေသခံတောင်သူများအတွက် မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို ဒုဂိတ်ဦးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ သွားရောက်တွေ့ဆုံပေးအပ်သည်။

တွေ့ဆုံစဉ် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိရေး၊ တစ်ဧကစိုက်ပျိုးစရိတ် သက်သာစေရေး၊ သဘာဝမြေဩဇာနှင့် ရွာဖျန်းမြေဩဇာ ထုတ်လုပ်သုံးစွဲနိုင်ရေးတို့ကိုလည်း ဆွေးနွေးပြောကြားသည်။

ထို့အတူ ဝေမြို့နယ် အဗျားဘိုတဲကျေးရွာအုပ်စု၌ တစ်ကွင်း တစ်ဆက်တည်း အကွက်ကျယ် စိုက်ပြကွက်ဧက ၃၅၀ တန်ဖိုးမြင့် တောင်ပျဲပေါ်ဆန်းစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ သဘာဝကွင်းစာဖြင့် ဥစားဘဲကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အောင်မြင်စွာ လုပ်ငန်းလုပ်ကိုင်နေသည့် အဗျားဘိုတဲကျေးရွာရှိ ဦးသက်နိုင်ဦးနှင့် ဒေါ်ခင်သန်းနု တို့၏ ဒေသထွက် ငါးရံခြောက် အရောင်းဆိုင်များကို ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပြည်သူများလက်ဝယ်သို့ စားအုန်းဆီများ မှန်ကန်စွာရောက်ရှိစေရေး ကျေးရွာလက်လီအရောင်းဆိုင်များအား ကြည့်ရှုစစ်ဆေး

သာပေါင်း ဩဂုတ် ၅

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက ပြည်သူများ လက်ဝယ်သို့ စားအုန်းဆီများ မှန်ကန်စွာ ရောက်ရှိစေရေး ကျေးရွာလက်လီ အရောင်းဆိုင်များအား ကြည့်ရှုစစ်ဆေးသည်။

**ကျေးရွာအရောက် ကြည့်ရှုစစ်ဆေး**

တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်းမောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်စိုးလှိုင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမင်းလတ်၊ အောင်ဦးသာ ကုမ္ပဏီဆိုင်ဆီထုတ်ကိုယ်စားလှယ် ဦးရဲဇော်လင်းတို့က လှေကြီးတတ် ကျေးရွာအုပ်စု နှံနှံပင်ကုန်းကျေးရွာ ဦးသန်းဦး စားအုန်းဆီလက်လီအရောင်းဆိုင်၌ အိမ်ထောင်စု ၂၅၀ အား စားအုန်းဆီ ထုတ်ယူခွင့် စာအုပ်၊ သတ်မှတ်အလေးချိန် ဈေးနှုန်းဖြင့် ကျေးရွာနေပြည်သူများ လက်ဝယ်သို့ မှန်ကန်စွာ ရောက်ရှိစေရေး ကျေးရွာအရောက် ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)



အမှတ်(၁) တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း (တောင်ငူ)မှ အရာရှိ၊ စစ်သည်၊ ရဲဓေ/သင်တန်းသား ၁၀၀ တို့၏ (၁၃)ကြိမ်မြောက် ဒါနဥပဝါရမီ ဇီဝိတဒါန စုဝေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၅ ရက်က အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်းတွင် ကျင်းပခဲ့ပြီး ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦးက (၈၉)ကြိမ်မြောက် ပါဝင်သွေးလှူဒါန်းစဉ်။

ကြေးမုံ

# ဘဝအတွေ့အကြုံမှ သင်ခန်းစာယူ၍ ပြောင်းလဲတိုးတက်ခြင်း

**လူ့ဘဝသက်တမ်းရဲ့တစ်ဝက်ကျော် နေထိုင်လာပြီးတဲ့နောက်မှာ ကိုယ်ဖြတ်သန်းလာခဲ့တဲ့ ဘဝခရီးကို ပြန်တွေးမိတယ်။ ကောင်းတာတွေလည်းပါရဲ့၊ မကောင်းတာတွေလည်းပါရဲ့၊ အောင်မြင်တာ ကျရှုံးတာ၊ အနိမ့်အမြင့်၊ အတက်အကျ၊ အတွေ့အကောက်တွေလည်း ပါတာပေါ့။**

သိန်းထွန်း (IR)

ဒီလောကမံတွေက ဘယ်သူမှ ရှောင်လွှဲလို့မရတဲ့ ဘဝရဲ့ပြဋ္ဌာန်းချက်တစ်ခုပဲလေ။ ဘယ်သူမဆို ဒီပြဋ္ဌာန်းချက်တွေကို အနည်းနဲ့အများတော့ ကြုံဖူး၊ ရင်ဆိုင်ဖူး၊ ဖြတ်သန်းဖူးကြမှာပဲ။ ဘဝခရီးလမ်းဆိုတာက မျဉ်းဖြောင့်တစ်ကြောင်းလို တစ်သမတ်တည်း ဖြောင့်ဖြောင့်တန်းတန်းသွားဖို့ဆိုတာ ခက်ခဲသား။ အဲဒီထဲမှာ အချို့သော အနိမ့်အမြင့်၊ အတက်အကျလေးတွေက သေးငယ်တော့ ဘဝတစ်ခုလုံးကို မထိခိုက်နိုင်ဘူး၊ အကျိုးဆက်မများဘူး။

အချို့သော အကောင်း၊ အဆိုးတွေကျတော့ ကြီးမားပြီး သူ့ရဲ့အကျိုးဆက်တွေက ကျယ်ပြန့်ပြီး နက်ရှိုင်းတတ်ကြတယ်။ ရိုက်ခတ်မှုဒဏ်တွေက ကြီးမားတတ်ကြတယ်။ ဗုဒ္ဓဘာသာအမြင်နဲ့ကြည့်ရင်ကံ၊ ကံ၏အကျိုးတွေပေါ့။ ဒါပေမဲ့ ကောင်းလည်း ကိုယ့်ကံ၊ မကောင်းလည်း ကိုယ့်ကံလို့ ကံကိုပုံချပြီး ဆူးပုံနင်းလို့တော့ မရဘူးပေါ့လေ။ ဘာဖြစ်လို့လဲဆိုတော့ ဘဝဆိုတာက ကံတစ်ခုတည်းနဲ့ ရပ်တည်တာမှမဟုတ်တာ။ ဥာဏ်နဲ့ ဝီရိယဆိုတာလည်း ရှိသေးတာကိုး။

ဒီတော့ ဖြတ်သန်းခဲ့ရတဲ့ အကောင်း၊ အဆိုး၊ အကွေ့အကောက်၊ အနိမ့်အမြင့်တွေကို ကိုယ့်ရဲ့အနာဂတ်ခရီးမှာ ဘယ်လိုအသုံးချနိုင်မလဲဆိုတာက ဘဝကိုပြုပြင်ပြောင်းလဲရာမှာ အရေးပါလာပါတယ်။ လူတစ်ယောကျ်ားဟာ ကိုယ့်ရဲ့အနာဂတ်ကို ကြိုမမြင်နိုင်ပေမယ့် အတိတ်ကိုတော့ ပြန်ကြည့်လို့ရပါတယ်။ အဲဒါက ကိုယ့်ဘဝရဲ့ ကောက်ကြောင်းတွေပဲ မဟုတ်လား။ ကိုယ့်ဘဝကောက်ကြောင်းတွေကို ကြည့်လိုက်ရင် အမှန်တွေ၊ အမှားတွေ၊ ဝမ်းသာစရာ၊ ဝမ်းနည်းစရာ၊ မမေ့နိုင်စရာ၊ မေ့ပစ်ရမယ့်အရာတွေကို တွေ့နိုင်တယ်။ ဘဝခရီးအတွေ့အကြုံတွေက အတိတ်မှာ ပြီးခဲ့တဲ့အရာတွေဆိုပေမယ့် အဲဒါတွေကပဲ အနာဂတ်ကို လမ်းညွှန်ပြောင်းလဲပေးနိုင်တဲ့ အကောင်းဆုံးသင်ခန်းစာတွေ ဖြစ်နေပါတယ်။

### အမှားတစ်ခုကို ထပ်ခါတလဲလဲ ကျူးလွန်နေတော့မှာ

အတွေ့အကြုံကနေ သင်ခန်းစာယူတယ်ဆိုတာက ကိုယ်ဖြတ်သန်းခဲ့တဲ့ ဘဝခရီးကနေ ရလာတဲ့ အတွေ့အကြုံတွေကို လေ့လာသင်ယူပြီး ပြုပြင်ပြောင်းလဲရတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒါက လူတစ်ယောကျ်ားအတွက်ဖြစ်ဖြစ်၊ အဖွဲ့အစည်းတွေမှာပဲဖြစ်ဖြစ် အရေးပါတဲ့အခြေခံလုပ်ငန်းစဉ်တစ်ခုပါ။ အဲဒီလိုမှ သင်ခန်းစာမယူမိရင်၊ မယူတတ်ရင် ဒါမှမဟုတ်ရင် ယူရကောင်းမှန်းမသိခဲ့ရင် အမှားတစ်ခုကို ထပ်ခါတလဲလဲ ကျူးလွန်နေတော့မှာပေါ့။

ဥပမာ ကိုယ်က ဒေါသကြီးတဲ့သူတစ်ယောကျ်ားဖြစ်တယ်ဆိုပါစို့။ အခြားသူတွေနဲ့ ခိုက်ရန်ဖြစ်တယ်၊ ရန်ဖြစ်လို့ ထိခိုက်ဒဏ်ရာရတယ်ပဲထားပါဦး။ ခိုက်ရန်ဖြစ်လို့ ထိခိုက်ဒဏ်ရာရတယ်ဆိုတာက မပြောပလောက်တဲ့ပြဿနာလို့ ဆိုနိုင်ပေမယ့် ခိုက်ရန်ဖြစ်ပွားပြီး အသက်အန္တရာယ်ထိခိုက်သွားရင် ကြီးကျယ်တဲ့ပြဿနာဖြစ်သွားပြီ။ သင်ခန်းစာယူတတ်တဲ့သူက နောက်တစ်ခါ ဒီလိုမဖြစ်ရအောင် ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်မယ်၊ ဒေါသကိုထိန်းချုပ်မယ်၊ သင်ခန်းစာယူပြင်လိုက်မယ်ဆိုရင် အလားတူ ရန်ဖြစ်တာမျိုး မရှိတော့ဘူးပေါ့။ အရင်ကလို အမှားမျိုးထပ်မဖြစ်အောင် ရှောင်နိုင်သွားတယ်။

ဒါက ဖြစ်တတ်တဲ့နမူနာလေးပါ။ အမှားဆိုတာက လူတိုင်းနဲ့မကင်းကြပါဘူး။ ဒါပေမဲ့ အတွေ့အကြုံကို မဆင်ခြင်၊ သင်ခန်းစာမယူတဲ့သူအတွက်ကတော့ မှားပြီးရင်းမှား၊ အမှားတစ်ခုကို ထပ်ကာတလဲလဲ ကျူးလွန်နေတတ်ကြတယ်။ လူဆိုတာက သေးသေးမွှားမွှားကိစ္စလေးတွေကစလို့ ဘဝအတွက် အရေးပါတဲ့ဆုံးဖြတ်ချက်တွေ၊ အရေးပါတဲ့လုပ်ဆောင်မှုတွေမှာလည်း မှားတာ၊ လွဲတာတွေရှိကြတယ်။

### မှန်မှန်ကန်ကန် သင်ခန်းစာယူ

ကိုယ်တစ်ယောကျ်တည်းနဲ့ဆိုင်တဲ့ အလုပ်အကိုင်၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ နေ့စဉ်သွားလာလုပ်ကိုင်တဲ့အခါ ဆုံးဖြတ်ချက်မှားတာ၊ အပြောအဆို၊ အပြုအမူမှားတာ ဖြစ်တတ်ကြတယ်မဟုတ်လား။ လူဆိုတာ အမှားနဲ့မကင်းနိုင်ကြတာ။ အားလုံးပြီးပြည့်စုံပြီး အလုံးစုံမှန်ကန်နေဖို့ဆိုတာ အတော်အခက်သားပဲ။ ဒီတော့ အမှားတွေ တတ်နိုင်သမျှ နည်းဖို့၊ ကင်းဖို့နဲ့ အရင်ကမှားဖူးတဲ့အမှားမျိုးထပ်မဖြစ်ဖို့ဆိုရင် ကိုယ်ရဲ့အတိတ်က အတွေ့အကြုံတွေ မှန်မှန်ကန်ကန် သင်ခန်းစာယူကြရမှာပါ။

**ဒါပေမဲ့ ကျွန်တော်တို့ဟာ အတိတ်ကအတွေ့အကြုံတွေကို သင်ခန်းစာမယူနိုင်တဲ့အတွက် အခြားသူတွေနဲ့ယှဉ်ရင် တိုးတက်မှုအားနည်းကြပါတယ်။ အမှားသံသရာထဲက ရုန်းမထွက်နိုင်ဘဲ ဒီအမှားတွေကိုပဲ ထပ်ကာထပ်ကာမှားနေကြတာဟာ အတွေ့အကြုံကနေ သင်ခန်းစာယူမပြင်နိုင်တာကြောင့်လည်း ပါပါတယ်။ ကိုယ့်ရဲ့အားနည်းချက်၊ အားသာချက်ကို သင်ခန်းစာယူပြီး ကမ္ဘာကျော်အောင်မြင်လာတဲ့သူတွေထဲမှာ အော်ပရာဝင်းဖရေးပါပါတယ်။ အော်ပရာဝင်းဖရေးဟာ ခက်ခဲတဲ့ဘဝကနေလာခဲ့တဲ့သူတစ်ယောက်ပါ။ သူဟာ သတင်းကြေညာသူအဖြစ် အလုပ်လုပ်တဲ့အခါ ရုပ်မြင်သံကြားလုပ်ငန်းမှာ မသင့်တော်သူလို့ သတ်မှတ်ခံရပြီး အလုပ်ထုတ်ခံခဲ့ရပါတယ်။ အော်ပရာဝင်းဖရေးဟာ ဒါကိုစိတ်ဓာတ်ကျမသွားပါဘူး။ အဲဒီအတွေ့အကြုံကနေ သင်ခန်းစာယူပြီး သူ့ရဲ့အားသာချက်ဖြစ်တဲ့ စကားပြောစွမ်းရည်ကို အကောင်းဆုံးအသုံးချခဲ့တဲ့အတွက် ကမ္ဘာကျော်အဖြစ် အောင်မြင်ခဲ့ပါတယ်**

သင်ခန်းစာယူတဲ့အခါ ကိုယ့်ရဲ့အတွေ့အကြုံတွေကနေ ယူရတာရှိသလို အခြားသူတွေရဲ့အတွေ့အကြုံတွေကနေ သင်ခန်းစာယူရတာတွေလည်း ရှိပါတယ်။ မီး ပူ/မပူ သိရအောင် ကိုယ်ကိုယ်တိုင် ကိုင်ကြည့်ရင် မီးပူလောင်မှာပေါ့။ ဒါကြောင့် အမေရိကန် ဘော့စ်ဘောသမား ဗာန္နန်ဆန်ဒါစ်လောက “**အတွေ့အကြုံဆိုတာ ကြမ်းတမ်းတဲ့ဆရာတစ်ယောက်ပါ။ ဘာကြောင့်လဲဆိုတော့ သူက စမ်းသပ်မှုအရင်လုပ်ပြီးမှ အတွေ့အကြုံဆိုတာ နောက်မှရလို့ပါ**” တဲ့။ အဲဒီလိုအတွေ့အကြုံရဖို့ အတွက် မီးကို ကိုယ်တိုင်စမ်းကြည့်တာထက် အခြားသူတွေရဲ့အတွေ့အကြုံကို သင်ခန်းစာယူလိုက်ရင် ပိုပြီးမကောင်းပေဘူးလား။

အတွေ့အကြုံကို သင်ခန်းစာယူတာက ကိုယ်လိုသူလို တစ်ယောကျ်ားချင်းအတွက် မပြောနဲ့၊ ကမ္ဘာအဖွဲ့အစည်းကြီးတွေဖြစ်တဲ့ ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်တို့မှာ အတွေ့အကြုံကနေ သင်ခန်းစာယူဖို့ သီးသန့်အဖွဲ့တွေထားပြီး ပြင်ဆင်ကြတယ်။ Lessons Learned System အကောင်းဆုံးဖြစ်တဲ့ နာဆာအဖွဲ့ကြီးမှာဆို Lessons Learned Information System (LLIS) စနစ် တည်ဆောက်ပြီး လုပ်ကိုင်ပါတယ်။ NATO မှာ ဆိုရင် Joint Analysis and Lessons Learned Centre (JALLC) အဖွဲ့ ရှိပါတယ်။ စီးပွားရေးလုပ်ငန်းတွေမှာဆိုရင် Lessons Learned အဖြေလုပ်ကြတယ်။ Lessons Learned လုပ်တဲ့အတွက် အမှားတွေလျှော့ချနိုင်ပြီး တိုးတက်အောင်လုပ်နိုင်တယ်။ Lessons Learned လာတာဟာ စူးစမ်းရှာဖွေမှု၊ တီထွင်ဖန်တီးမှုနဲ့ အတွေ့အကြုံကနေ သင်ခန်းစာယူပြီး ဆင့်ကဲပြောင်းလဲတိုးတက်လာလို့ပဲဖြစ်ပါတယ်။

### အချိန်မီ သင်ခန်းစာယူပြင်နိုင်ခဲ့ရင်

ကျွန်တော်တို့ ဘဝတွေဆိုတာကလည်း ဒီလိုပါပဲ။ အသက်ကြီးလာလို့ ပင်ပင်ပန်းပန်းလုပ်ကိုင်ရှာဖွေရတဲ့အခါ ညောင်း... ငယ်ငယ်ကသာ စာကြိုးစားခဲ့ရင် အခုလို ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ လုပ်ကိုင်နေထိုင်ရမှာမဟုတ်ဘူးလို့ တွေးမိတတ်ကြပါတယ်။ ဒီလိုအသိကို စောစောစီးစီးသိခဲ့ရင်၊ အချိန်မီ သင်ခန်းစာယူပြင်နိုင်ခဲ့ရင် ဘဝကို တစ်နည်းတစ်ဖုံ ပြောင်းလဲနိုင်မှာပါ။ အခုဆိုလည်း တက္ကသိုလ်ဝင် စာမေးပွဲမှာ ကိုယ်ရည်မှန်းထားတဲ့အမှတ်မရလို့၊ ကိုယ်ရည်မှန်းတဲ့တက္ကသိုလ်မဝင်လို့ ခံစားနေရတဲ့ ကျောင်းသားလေးတွေ တွေ့ရပါတယ်။

ကျောင်းသားတစ်ယောက်အတွက် ကြီးမားတဲ့ ဘဝအတွေ့အကြုံတစ်ခုပေါ့။ အခုအတွေ့အကြုံကို သင်ခန်းစာယူပြီး ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်နိုင်မယ်ဆိုရင် ရှေ့ဆက်ရမယ့်ပညာရေးခရီးတွေမှာ အခုလို ခါးသီးတဲ့ရလဒ်တွေအစား ပိုမိုမြင့်မားတဲ့ ပညာရေးခရီးကို လျှောက်လှမ်းနိုင်မှာပါ။ အခုရရှိလိုက်တဲ့ အတွေ့အကြုံကို သင်ခန်းစာမယူနိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် မပြင်နိုင်ဘူးဆိုရင်တော့ ဒီလိုခါးသီးတဲ့ရလဒ်တွေနဲ့ ကြုံတွေ့နေရဦးမှာပါ။ မြန်မာစကားမှာ “**လူမိုက် နောင်တ နောင်မှရ**” ဆိုတာလို ဘဝရဲ့ မီးစာကုန်ဆီခန်းတဲ့အချိန်ရောက်မှ နောင်တရမယ်ဆိုရင် အရာရာဟာ နောက်ကျသွားပြီး နောက်ကြောင်းပြန်လှည့်လို့မရတော့ပါဘူး၊ ဒီဘဝဒီမျှနဲ့ အဆုံးသတ်သွားပါလိမ့်မယ်။ ဒီလိုဖြစ်နေတာကို ကံကြောင့်လို့ပုံချ၊ ဆင်ခြေဆင်လက်တွေပေးနေတာထက် ဘာကြောင့် ဒီလိုဖြစ်ရသလဲ၊ ဘာတွေမှားနေသလဲ၊ ဘယ်လိုပြင်ဆင်ရမလဲဆိုတဲ့ သင်ခန်းစာယူတဲ့လုပ်ငန်းစဉ်ကသာ ကိုယ့်ဘဝအတွက် ပိုအကျိုးရှိနိုင်ပါလိမ့်မယ်။

### အဖိုးတန်သင်ခန်းစာအဖြစ် မျှဝေအသုံးပြုနိုင်

စီးပွားရေးကုမ္ပဏီတွေမှာဆို အတွေ့အကြုံကနေ သင်ခန်းစာယူပြီး တိုးတက်အောင်လုပ်ကြပါတယ်။ လုပ်ငန်းစီမံခန့်ခွဲမှုစနစ်မှာ lesson learned လုပ်ငန်းစဉ်တွေရှိပါတယ်။ လုပ်ငန်းလုပ်နေစဉ် အတွင်းမှာ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်တာ၊ ပြောင်းလဲတာတွေရှိသလို လုပ်ငန်းစဉ်တစ်ခုလုံး ပြီးတဲ့နောက် ပြန်လည်သုံးသပ်ဖော်ထုတ်တာတွေရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေဟာ လုပ်ငန်းတစ်ခုလုံး တိုးတက်နေဖို့အတွက် အရေးပါပါတယ်။ အတွေ့အကြုံကနေ သင်ခန်းစာယူခြင်းအားဖြင့် အမှားတစ်ခုကို ထပ်ကာထပ်ကာဖြစ်ပြီး အမှားသံသရာမဖြစ်စေသလို အခြားသူတွေအတွက်လည်း အဖိုးတန်သင်ခန်းစာအဖြစ် မျှဝေအသုံးပြုနိုင်ပါတယ်။

အတွေ့အကြုံကနေ သင်ခန်းစာယူတာဟာ အမှားပြင်ဆင်ဖို့တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ ဥပမာအားဖြင့် တွေ့ကြုံခဲ့ရတဲ့အမှားတွေကို ထပ်ပြီး မဖြစ်ဖို့၊ အမှန်တွေကိုရှာဖွေဖို့၊ ရေရှည်တိုးတက်ဖို့နဲ့ မျှဝေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေရှိပါတယ်။ မှန်ကန်တဲ့အတွေ့အကြုံဆိုရင်လည်း ဒီထက်ပိုကောင်းဖို့၊ ပိုပြီးတိုးတက်ဖို့ ရည်ရွယ်ပါတယ်။

**ဒါပေမဲ့ ကျွန်တော်တို့ဟာ အတိတ်ကအတွေ့အကြုံတွေကို သင်ခန်းစာမယူနိုင်တဲ့အတွက် အခြားသူတွေနဲ့ယှဉ်ရင် တိုးတက်မှုအားနည်းကြပါတယ်။ အမှားသံသရာထဲက ရုန်းမထွက်နိုင်ဘဲ ဒီအမှားတွေကိုပဲ ထပ်ကာထပ်ကာမှားနေကြတာဟာ အတွေ့အကြုံကနေ သင်ခန်းစာယူမပြင်နိုင်တာကြောင့်လည်း ပါပါတယ်။ ကိုယ့်ရဲ့အားနည်းချက်၊ အားသာချက်ကို သင်ခန်းစာယူပြီး ကမ္ဘာကျော်အောင်မြင်လာတဲ့သူတွေထဲမှာ အော်ပရာဝင်းဖရေး ပါပါတယ်။ အော်ပရာဝင်းဖရေးဟာ ခက်ခဲတဲ့ဘဝကနေလာခဲ့တဲ့သူတစ်ယောက်ပါ။ သူဟာ သတင်းကြေညာသူအဖြစ် အလုပ်လုပ်တဲ့အခါ ရုပ်မြင်သံကြားလုပ်ငန်းမှာ မသင့်တော်သူလို့ သတ်မှတ်ခံရပြီး အလုပ်ထုတ်ခံခဲ့ရပါတယ်။ အော်ပရာဝင်းဖရေးဟာ ဒါကိုစိတ်ဓာတ်ကျမသွားပါဘူး။ အဲဒီအတွေ့အကြုံကနေ သင်ခန်းစာယူပြီး သူ့ရဲ့အားသာချက်ဖြစ်တဲ့ စကားပြောစွမ်းရည်ကို အကောင်းဆုံးအသုံးချခဲ့တဲ့အတွက် ကမ္ဘာကျော်အဖြစ် အောင်မြင်ခဲ့ပါတယ်။**

အော်ပရာဝင်းဖရေးလို့ပါပဲ။ လူတိုင်းမှာ ဖြတ်သန်းခဲ့တဲ့ဘဝတစ်လျှောက် သင်ခန်းစာယူစရာ အတွေ့အကြုံတွေရှိကြပါတယ်။ ကိုယ်ကိုယ်တိုင်ကြုံခဲ့ရတဲ့ အတွေ့အကြုံကနေဖြစ်စေ၊ အခြားသူတွေရဲ့ အတွေ့အကြုံကနေဖြစ်စေ သင်ခန်းစာယူပြင်ဆင်နိုင်တဲ့သူတွေဟာ တိုးတက်အောင်မြင်လာကြပြီး အမှားကိုမပြင်နိုင်ဘဲ အဲဒီအမှားတွေကိုပဲ ထပ်ထပ်ကာကာ ပြုလုပ်နေတဲ့သူတွေကတော့ အောင်မြင်ရဖို့ထက် ကျရှုံးခြင်းနဲ့သာ ရင်ဆိုင်နေကြရပါတယ်။

ဒါဆိုရင် အချို့ကတော့ ဘဝအတွေ့အကြုံတွေကနေ သင်ခန်းစာယူ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲတိုးတက်နိုင်ကြပြီး အချို့ကတော့ အတွေ့အကြုံတွေကို ဘာကြောင့် သင်ခန်းစာမယူနိုင်ကြတာလဲ။

စာမျက်နှာ ၇ သို့ ✻

# မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) ကျင်းပ

မန္တလေး ဩဂုတ် ၅

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ၇၁ ဦး တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၁၆ ဦး မေးမြန်းသည့် ကြယ်မွှင့်ပြဓေးခွန်း ၂၀ အား သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ပြီး လွှတ်တော်ဥက္ကဋ္ဌက "ဥပဒေကြမ်းပြုစုရေးဆွဲရေးအဖွဲ့များ" ဖွဲ့စည်းရန် လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့ပြင် "မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးနှစ်အလိုက် ပို့လျှံငွေများကို ဖြည့်စွက်ရန်ပုံငွေအဖြစ် အသုံးပြုရေးနှင့် အကြောင်း အမျိုးမျိုးကြောင့် ဝင်ငွေရရှိမှုနည်းသော မြို့နယ်စည်ပင်သာယာရေး အဖွဲ့များကို တိုင်းဒေသကြီး အစိုးရရန်ပုံငွေမှ အထောက်အပံ့ပေးရေး" အဆိုကို ဝါန်းဇွန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်သူက တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကထောက်ခံ၍ အဆိုကို ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက်ကို ကြေညာသည်။

မန္တလေး တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားခဲ့ပြီး အစည်းအဝေး (တတိယနေ့)ကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# မိတ္ထီလာမြို့နယ်၌ နို့စားနွားမွေးမြူရေး လုပ်ငန်းအတွက် အစာစရိတ်များထုတ်ချေး

မိတ္ထီလာ ဩဂုတ် ၅

မိတ္ထီလာမြို့နယ် ပန်းတော်ဆက်ကျေးရွာ ပန်းတော်ဆက် နို့စားနွားမွေးမြူရေးသမဝါယမအသင်းမှ နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသော အသင်းသားတောင်သူများထံသို့ အစာစရိတ်ချေးငွေထုတ်ချေးပေးခြင်းကို ယမန်နေ့က အဆိုပါကျေးရွာမန္ဒာရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်က လုပ်ငန်းဆိုင်ရာများရှင်းလင်းပြောကြားပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသော အသင်းသား တောင်သူများထံ အစာစရိတ်များကို လက်ထောက်ညွှန်ကြားရေးမှူးက ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



# ဘီးလင်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ဘီးလင်း ဩဂုတ် ၅



မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက ဓုတ်သုတ်ကျေးရွာ ကွင်းအမှတ် (၂၁၆) ပေါ်စံကွင်း တောင်သူ ဦးမင်းစိုး၏ စိုက်ပျိုးမြေနှစ်ဧကခွဲ လက်တွေ့ သရုပ်ပြသသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ ကွင်းသရုပ်ပြသခြင်းကို ဘီးလင်းမြို့နယ် အမှတ်(၃၇) စက်မှုလယ်ယာစခန်းမှ ဝန်ထမ်းများက ရက်(၉၀) အညာသားလေးစပါးမျိုးအား ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းကို လက်တွေ့ ကွင်းသရုပ်ပြသခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမင်းသက်ညီညီက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၅

၂၀၂၆ ခုနှစ် ဩဂုတ် ၅ ရက် မြန်မာစံတော်ချိန် ၀၆ နာရီ ၄၁ မိနစ် ၅၇ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပုလဲမြို့၏ အနောက်ဘက် ၂၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၂ ဒီဂရီ၊ အနက် ၈၉ ကီလိုမီတာ ကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၉ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

---

✻ စာမျက်နှာ ၆ မှ

အတွေ့အကြုံကနေ သင်ခန်းစာယူ မပြုပြင်၊ မပြောင်းလဲနိုင်တဲ့သူနဲ့ ပြုပြင်ပြောင်းလဲနိုင်သူတွေမှာ ကွာခြားချက်တွေရှိပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်ရဲ့ကွာခြားချက်ကတော့ တစ်ထပ်တည်း မတူညီကြပါဘူး။ ယေဘုယျဖြစ်တတ်တဲ့ အခြေခံအကြောင်းတွေရှိပါတယ်။ အဲဒါတွေထဲမှာ အဖြစ်တတ်ဆုံးက အတွေ့အကြုံကနေ သင်ခန်းစာယူရကောင်းမှန်းမသိတာပါ။ သဘောက ကိုယ့်ကိုယ် ကိုယ် ဆင်ခြင်သုံးသပ်မှု အားနည်းတာ၊ အမှားအမှန် မခွဲခြားနိုင်တာ ဒါမှမဟုတ် ဆင်ခြင်သုံးသပ်မှု မရှိတာပါ။ ဘဝကို ပေပေတေတေနဲ့ ဖြစ်ချင်ရာဖြစ်မောင်ဘချစ်ဆိုတာလို ဘဝကို ရေစုန်မျှောပြီးနေတဲ့ သူတွေမှာ ဖြစ်လေ့ရှိကြပါတယ်။ သူတို့ကတော့ အမှားတွေကို ထပ်ကာထပ်ကာ မှားနေတတ်ကြပါတယ်။

**ကိုယ်ယူတတ်မှ အကျိုးဖြစ်မှာပါ**

အချို့ကတော့ ကိုယ့်ရဲ့အမှားကို လက်မခံတဲ့သူတွေနဲ့ ကိုယ်မှားလို့ မှားမှန်းမသိတဲ့သူတွေဟာ သင်ခန်းစာယူမပြင်နိုင်ပါဘူး။ အတွေ့အကြုံဟာ အကောင်းဆုံးဆရာလို့ဆိုပေမယ့် ကိုယ်ယူတတ်မှ အကျိုးဖြစ်မှာပါ။ ကိုယ့်ရဲ့အမှားကို လက်မခံနိုင်တဲ့သူတွေဟာ အမှားအားဖြင့် အတ္တကြီးခြင်း၊ မာနကြီးခြင်း၊ ယုံကြည်မှုလွန်ကဲခြင်းနဲ့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းခြင်းတွေကြောင့် ကိုယ့်ရဲ့အမှားကို လက်မခံတတ်ကြပါဘူး။

တကယ်လို့ မှားခဲ့ရင်တောင် အဲဒီအမှားကို လက်ခံလိုက်ရင် သူ့ရဲ့ဂုဏ်သိက္ခာနဲ့ မာနကို ထိခိုက်မှာစိုးရိမ်ကြတယ်၊ အခြားသူတွေရဲ့ အထင်သေးမှာကို ကြောက်ရွံ့ကြတယ်၊ ဒါကြောင့် သူ့ရဲ့အမှားကို ရိုးသားစွာလက်ခံရမယ့်အစား အခြားသူတွေအပေါ် အပြစ်ပုံချတတ်ကြပါတယ်။ ဒါကြောင့် အမှားဖြစ်ရတဲ့အကြောင်းရင်းအမှန်ကို မရှာဖွေနိုင်တော့ဘဲ သင်ခန်းစာယူ ပြုပြင်ပြောင်းလဲဖို့ ခက်ခဲစေပါတယ်။ အမှားကို လက်မခံခြင်းဟာ အမှားကို ထပ်ကာထပ်ကာ ကျူးလွန်စေဖို့ လမ်းစပါပဲ။

ဥပမာအားဖြင့် စာမေးပွဲမအောင်တာဟာ ကိုယ်စာမကြိုးစားလို့ မအောင်တာမဟုတ်ဘဲ ကံမကောင်းလို့၊ ဆရာတွေမကောင်းလို့ စတဲ့ဆင်ခြေတွေ၊ အကြောင်းပြချက်တွေနဲ့ ဖုံးကွယ်၊ ရှောင်လွှဲတတ်ကြပါတယ်။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် သင်ခန်းစာယူပြောင်းလဲဖို့ ခက်ခဲစေပါတယ်။ ဒါ့အပြင် အမှားနဲ့ အမှန် ခွဲခြားဖစ်စားနိုင်ရင်လည်း ဘဝအတွေ့အကြုံကနေ သင်ခန်းစာယူဖို့ခက်ပါတယ်။ အမှား/အမှန် ခွဲခြားဖို့အတွက် မိမိရဲ့စိတ်၊ အတွေး၊ အကြံ၊ အပြော၊ အပြုအမူနဲ့ လုပ်ရပ်တွေကို မှန်မှန်ကန်ကန်ဆင်ခြင်သုံးသပ်မယ်ဆိုရင် အမှား/အမှန်တွေကိုမြင်နိုင်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ မိမိလိုရာကိုသာ အမှန်ပဲလို့ ဘက်လိုက်ဆုံးဖြတ်နေရင် မှန်ကန်တဲ့ ဘဝသင်ခန်းစာ မဖြစ်နိုင်တော့ပါဘူး။

အမှားကို သင်ခန်းစာယူ မပြောင်းလဲနိုင်သူတွေထဲမှာ မာနကြီးလွန်းတဲ့သူတွေနဲ့ ကိုယ့်ကိုယ် ကိုယ် အထင်ကြီးလွန်းသူတွေပါပါတယ်။ သူတို့ဟာ ကိုယ်လုပ်သမျှ မှန်တယ်လို့ခံယူထားကြတဲ့အတွက် အမှားကနေ သင်ခန်းစာယူဖို့ ဝန်လေးတတ်ကြပါတယ်။ အဲဒီလူတွေက လုပ်ငန်းခွင်ထဲမှာဆို အောင်မြင်လာရင် ငါ့ကြောင့်၊ ဆုံးရှုံးသွားရင် မင်းတို့ကြောင့်လို့ အမှားကို ရှောင်လွှဲတတ်ကြပါတယ်။ မာနကြီးလွန်းတဲ့သူ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတဲ့သူတွေဟာ အခြားသူတွေရဲ့ အကြံပေးတာ၊ ထောက်ပြဝေဖန်တာတွေကို လက်ခံလေ့မရှိကြပါဘူး။ ဒါဟာ lessons learned လုပ်ဖို့ခက်ခဲပြီး lessons learned လုပ်ရင်လည်း ဖြစ်စဉ်အမှန်တွေ ဖော်ထုတ်ဖို့ခက်ခဲပါတယ်။

သူတို့လိုပဲ စိတ်ခံစားချက်များတဲ့သူတွေဟာ အကျိုးအကြောင်းအပေါ် အခြေခံစဉ်းစားဖို့ထက် ခံစားချက်ကို ပိုဦးစားပေးကြတဲ့အတွက် အတွေ့အကြုံကနေ သင်ခန်းစာယူဖို့ခက်ပါတယ်။ ဒါကြောင့် ဘဝအတွေ့အကြုံတွေဟာ သူတို့အတွက် အထောက်အကူမဖြစ်စေပါဘူး။ လူတိုင်းမှာ ဘဝအတွေ့အကြုံတွေရှိကြပေမယ့် လူတိုင်းက ဘဝအတွေ့အကြုံတွေကို အသုံးမချနိုင်ကြပါဘူး။ လူတစ်ယောက်နဲ့ တစ်ယောက် အတွေ့အကြုံချင်း တူညီရင်တောင် အကျိုးရှိတာခြင်း မတူညီကြပါဘူး။

**ကိုယ့်ရဲ့ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် ပံ့ပိုးပေးနိုင်တဲ့သင်ခန်းစာတွေဖြစ်**

ဘဝအတွေ့အကြုံတွေဟာ အတိတ်ကဖြစ်ရပ်တွေ၊ အကျိုးနဲ့ ရလဒ်တွေဖြစ်လို့ ပြုပြင်ပြောင်းလဲလို့ မရတော့ပါဘူး။ ဒါပေမဲ့ ဒီအတွေ့အကြုံတွေကို အသုံးချနိုင်မယ်ဆိုရင် ကိုယ့်ရဲ့ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် ပံ့ပိုးပေးနိုင်တဲ့ သင်ခန်းစာတွေဖြစ်ပါတယ်။

ကိုယ်ကိုယ်တိုင်ရဲ့ ပြန်လည်စဉ်းစားသုံးသပ်မှု၊ သင်ခန်းစာယူမှု၊ သင်ယူလိုစိတ်၊ တိုးတက်လိုတဲ့စိတ်နဲ့ ပြောင်းလဲနိုင်မှုအပေါ်မှာ မူတည်ကြပါတယ်။ တိုးတက်လိုတဲ့စိတ်ရှိမယ်ဆိုရင် ကိုယ့်ပိုင်ဘဝအတွေ့အကြုံတွေကနေ လေ့လာသင်ခန်းစာယူရုံတင်မကဘဲ အခြားသူတွေရဲ့အတွေ့အကြုံတွေကိုလည်း သင်ခန်းစာယူနိုင်ပါတယ်။

ကိုယ့်ရဲ့အတွေ့အကြုံနဲ့ လေ့လာသင်ယူစရာတွေဟာ စာသင်ခန်းထဲမှာ ရှိနေတာမဟုတ်ပါဘူး။ မိမိကိုယ်တိုင်ဆီမှာ ရှိနေတာပါ။ ကိုယ့်ရဲ့အတွေ့အကြုံ၊ အခြားသူတွေရဲ့အတွေ့အကြုံတွေကို သင်ခန်းစာယူ၊ ပြုပြင်ပြောင်းလဲပြီး အသုံးချမယ်ဆိုရင် အပြုသဘောရလဒ်တွေ ရလာပါလိမ့်မယ်။ အခြားတစ်ဖက်ကကြည့်ရင် ဘဝအတွေ့အကြုံတွေကို အသုံးမချနိုင်ဘူးဆိုရင် အမှားသံသရာလည်ပြီး တိုးတက်ဖို့ခက်ခဲနိုင်ပါတယ်။

အထူးသဖြင့် ကိုယ်တစ်ယောက်တည်းအတွက် မှားတဲ့အမှားနဲ့ အဖွဲ့အစည်းတွေ၊ လုပ်ငန်းကြီးတွေလို အများနဲ့ဆိုင်တဲ့ကိစ္စတွေမှာ မှားတဲ့အမှားက ပိုပြီးထိခိုက်ဆုံးရှုံးမှုတွေ၊ ရေတို့ရေရှည် အကျိုးသက်ရောက်မှုတွေများပါတယ်။ ဒါကြောင့် တစ်ဦးတစ်ယောက်ချင်းရဲ့ အရေးကိစ္စတွေမှာဖြစ်ဖြစ်၊ အများနဲ့ဆိုင်တဲ့ လုပ်ငန်းနယ်ပယ်တွေမှာဖြစ်ဖြစ် အမှား/အမှန် အတွေ့အကြုံတွေကို လေ့လာသင်ယူရမယ့် သင်ခန်းစာတစ်ခုအဖြစ် အသုံးချပြီး ပြောင်းလဲပြုပြင်ခြင်းဖြင့် အမှားနည်းလာပြီး တိုးတက်မှု၊ အောင်မြင်မှုတွေရရှိမှာဖြစ်ပါတယ်။ ။



## ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အခြေခံပညာကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးလျက်ရှိ

**လားရှိုး ဩဂုတ် ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အခြေခံပညာကျောင်းများ၌ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက အသက် (၁၀)နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပြုလုပ်ပေးနေမှုကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဦးစီးထိန်းစီးသည် ပြည်နယ် ဝန်ကြီးများနှင့်အတူ ကြည့်ရှုအားပေးပြီးဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်သည်။

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးတက္ကသိုလ် အကြီးစားပြုပြင်နေမှု၊ မိုးလုံလေလုံအားကစားရုံ၊ ကမ္ဘာ့ဇေအမျိုးသားအဆောင်၊ လားရှိုးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ပညာသင်ကြားနေမှု၊ လားရှိုးမြို့ မြို့တော်ခန်းမ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုနှင့် ခုတင်-၅၀၀ ဆံ့ လားရှိုးပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူနေသော ပြည်သူများအား အာဟာရဖြည့် အစားအစာများ ပေးအပ်သည်။

အလားတူ လားရှိုးမြို့ ကောင်းခါး ကျေးရွာ အကွက်ကျယ်စံပြကွက် ၈က ၃၀ တွင် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာ ကြွပက်နေမှု၊ လားရှိုးမြို့ကို ဖြတ်သန်းစီးဆင်းနေသည့် ပင်မ ရေဆိုးမြောင်းမကြီး ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှု၊ လားရှိုးလေယာဉ်ကွင်း လေဆိပ် အဆောက်အအုံ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် လေယာဉ်ပြေးလမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သွပ်ပြားစက်ရုံ၌ သွပ်ပြားများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်သည် လားရှိုးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ လွတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များ အပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## တီးတိန်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကျောင်းပေါင်း ၁၁၅ ကျောင်း နှင့် ကျောင်းသား ကျောင်းသူ ၁၃၀၆၂ ဦး ပညာသင်ကြားပေးလျက်ရှိ

**တီးတိန် ဩဂုတ် ၅**

တီးတိန်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၁၁၅ ကျောင်း ဖွင့်လှစ်ထားရှိပြီး ဆရာ ဆရာမ ၆၈၇ ဦးတို့က ကျောင်းသားကျောင်းသူ ၁၃၀၆၂ ဦးကို ပညာသင်ကြားပေးလျက်ရှိသည်။

အဆိုပါကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ အစိုးရစက်မှုလက်မှု သိပ္ပံ(တီးတိန်)၌ လက်တွေ့သင်ကြားနေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုအားပေးပြီး နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်သော ကျောင်းသား ကျောင်းသူများသည် ဗလငါးတန်နှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ Grade-10 မှစ၍ စက်မှုပညာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ရွေးချယ်သင်ကြားနိုင်အောင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးထားသဖြင့် မိမိတို့ဝါသနာပါသည့် ပညာရပ်များ လေ့လာသင်ယူခွင့်ရရန် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် မုန့်နှင့် အချိုရည်များ ပေးအပ်သည်။

ထို့ပြင် တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသည့်လူနာများအား အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ကိုယ်ဝန်ဆောင်မိခင်၊ မီးဖွားမိခင်များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန်အပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၆၆ ဦးတို့က ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိပြီး ဇန်နဝါရီလမှစ၍ ယနေ့အထိ လူနာပေါင်း ၁၂၆၆၅ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြဝတီမြို့၌ မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးစခန်း အခြေပြုသင်တန်းဖွင့်

**မြဝတီ ဩဂုတ် ၅**

ကရင်ပြည်နယ် မြဝတီမြို့၌ ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ကရင်ပြည်နယ် အသင်း(ခွဲ)တို့ ပူးပေါင်းဖွင့်လှစ်သည့် မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေး အမှတ်စဉ် (၁/၂၀၂၆)စခန်းအခြေပြု သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ကရင်ပြည်နယ်အသင်း(ခွဲ) ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ သင်တန်းဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်သည်။

အဆိုပါသင်တန်းကို မြဝတီမြို့ ရွာသစ်ကျေးရွာတွင် ဖွင့်လှစ်ထားသည့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း (မြန်မာ)ကရင်ပြည်နယ် အသင်း(ခွဲ)ရုံးတွင် ဩဂုတ် ၅ ရက်မှ အောက်တိုဘာ ၅ ရက် အထိ လက်မှုပညာရပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်၊ ပိုက်ပြင်၊ ပိုက်ဆက် လက်မှုပညာရပ်များကို သုံးလကြာ သင်ကြားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး မူးယစ်ဆေးဖြတ် ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ပါဝင်ခံယူသူ ၃၀ ရှိကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



## ကြို့ပင်ကောက်မြို့၌ စကားပုံဆက်ပြိုင်ပွဲကျင်းပ

**ကြို့ပင်ကောက် ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာနတွင် ဩဂုတ်၅ရက်က အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ ကျင်းပသော စာဖတ်ရှုနိုင်မြှင့်တင်ရေး အစီအစဉ်တွင် တက်ရောက်ခဲ့သော ကျောင်းသား ကျောင်းသူများအား စကားပုံဆက်ပြိုင်ပွဲကို ကျင်းပသည်။

ပြိုင်ပွဲသို့ အထက (ကြို့ပင်ကောက်) မှ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်



ယှဉ်ပြိုင်ကြရာ ပြည်သူ့လွတ်တော် ကိုယ်စားလှယ် ဒေါ်သန္တာအောင်တက်ရောက်အားပေးသည်။

ထို့နောက် ဖြေဆိုထားသော စကားပုံများ၏ အနက်အဓိပ္ပာယ်များကို ပြည်သူ့လွတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ အခြေခံစားသောက်ကုန်များရောင်းချ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်ရှိ တိုးတက်အောင်ရောင်းဝယ်ရေး သမဝါယမအသင်းဆိုင်၌ အခြေခံစားသောက်ကုန်များ ရောင်းချပေးလျက်ရှိသည်။

အဆိုပါအရောင်းဆိုင်တွင် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် လူသုံးကုန်များ၊ ကြက်ဥများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**မြတ်မြတ်အေး(ပြန်/ဆက်)**



## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၅**

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ပင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/၈လ**

# နေပြည်တော်၌ ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်မည်

ရန်ကုန် ဩဂုတ် ၅



နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ်အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်မည်ဖြစ်သည်။

ထိုသို့ တက်ရောက်ကြမည့် လူငယ် ကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူထံတွင် သြဝါဒခံယူကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ သွားရောက်မည်ခရီးစဉ်၊ ရန်ကုန်တိုင်းဒေသကြီးလူငယ်ရွန်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ထုတ်ကုန်များ ခင်းကျင်းပြသနိုင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသို့ ရန်ကုန်မြို့၌ ကျင်းပနိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသို့ ရန်ကုန်ပြိုင်ပွဲများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# မြောက်ဥက္ကလာပမြို့နယ်၌ စင်ကြယ်ရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၅

မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ စင်ကြယ်ရောင်းဝယ်ရေး သမဝါယမအသင်းလိမ်တက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်နေ့အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့နံနက်ပိုင်းက (၈)ရပ်ကွက် မြို့နယ်အသင်းစုရုံး၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာမွန်က အသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေအရ အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အစုပြည့်အသင်းသား ဒေါ်ခင်မကြီးက ဖတ်ကြားတင်ပြခဲ့ပြီး အသင်းသားများ၏ အတည်ပြုချက်များရယူခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



# မိုးနဲမြို့၌ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် ဩဂုတ် ၅

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

## ဂုဏ်ပြုကြိုဆို

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သဖြေကာမဲ့၍ လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဗဟန်းမြို့နယ်၌ ပြည်သူများအား အခြေခံစားကုန်များ စျေးနှုန်းချိုသာစွာ ရောင်းချ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရောင်းဝယ်ရေးသမဝါယမအသင်း အခြေခံစားကုန်အရောင်းဆိုင်တွင် ယမန်နေ့နံနက်ပိုင်းက ကြက်ဥများနှင့် အခြေခံစားကုန်များကို သက်သာသောစျေးနှုန်းဖြင့် ရောင်းချလျက်ရှိသည်။

ရောင်းချရာတွင် ကြက်ဥများကို တစ်လုံးလျှင် ငွေကျပ် ၅၅၀ နှုန်းဖြင့် အလုံး ၆၀၀ နှင့် အခြေခံစားကုန်များကို ပြည်သူများအား စျေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဗလ



# တောင်ကြီးမြို့နယ်၌ ပြည်ထောင်စုရန်ပုံငွေဖြင့် အိမ်ထောင်စု ၁၅ စုထံ ဒေသဝက်နှင့် ဒေသကြက်မျိုးများ အခမဲ့ဖြန့်ဖြူးပေးအပ်



တောင်ကြီး ဩဂုတ် ၅

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မူးယစ်ဆေးဝါးပယောဂရေးစီမံကိန်းဝင် တောင်ကြီး မြို့နယ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဒေသဝက်နှင့် ဒေသကြက် အခမဲ့ဖြန့်ဖြူးပေးအပ်ခြင်းကို တောင်ကြီးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ နီနီဝင်း၏ ကြီးကြပ်မှုဖြင့် ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့နယ် တောင်လေးလုံး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ယင်းသို့ ပေးအပ်ရာတွင် တောင်လေးလုံး ကျေးရွာအုပ်စု ဘုရားနီကျေးရွာရှိ အိမ်ထောင်စု ရှစ်စုထံ ဒေသဝက် သုံးကောင်၊ ဒေသကြက် အကောင် ၂၀၊ ကျောက်တဲကျေးရွာရှိ အိမ်ထောင်စု ခုနှစ်စုသို့ ဒေသဝက် နှစ်ကောင်၊ ဒေသကြက် အကောင် ၃၀ တို့ကို အခမဲ့ဖြန့်ဖြူးပေးခဲ့ပြီး စနစ်တကျ မွေးမြူ လုပ်ကိုင်နိုင်ရန်အတွက် လိုက်နာ ဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ ပုံမှန်ကာကွယ်ဆေး ထိုးနှံပေး



အုတ်တွင်း ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်း မြို့နယ်အတွင်း အသက် တစ်နှစ်ခွဲ အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း နှင့် အာဟာရရွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက စျေးရပ်ကွက်ရှိ မိခင်နှင့်ကလေး ကျန်းမာရေးဌာနခွဲ ထိုးနှံပေးခဲ့သည်။

ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးရာတွင် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်နှင်းယုမုံဝေ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များအား ငါးမျိုးစပ် ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ဝက်သက်-ကျိုက်သိုး ရောဂါ ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချဆေး တိုက်ကျွေးခြင်းတို့ အပြင် ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိအိထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# စာကိုလည်းသင် စိတ်လည်းပြင်

ဦးမင်းဦး (မဟာပညာရေး)

မြန်မာနိုင်ငံ၏ အခြေခံပညာကျောင်းဆောင်ပုဒ်ဖြစ်သော **“စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”** သည် ကျောင်းသားတစ်ဦးချင်းစီ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာစေရန် ရည်ရွယ်ထားသော အနှစ်သာရများဖြစ်သည်။ ပညာရေး၏အခြေခံသည် စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားဖြစ်သည်။ ကျောင်းသားလူငယ်များအနေဖြင့် ရိုးသားဖြောင့်မတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ခြင်းတို့ရှိစေရန် ရည်ရွယ်သည်။

**အခြားအရာအားလုံး၏ အခြေခံအုတ်မြစ်**

ကျောင်းသားလူငယ်တစ်ဦး၏ ဘက်စုံဖွံ့ဖြိုးမှုအတွက် ဤအချက်သုံးချက်စလုံးသည် အရေးကြီးသော်လည်း အောင်မြင်သောဘဝခရီးတစ်ခုကို စတင်ထူထောင်မည့် အခြေခံပညာကျောင်းသားများအတွက်မူ **“စိတ်ဓာတ်”** သည် အခြားအရာအားလုံး၏ အခြေခံအုတ်မြစ်နှင့် မောင်နှင်အားဖြစ်သောကြောင့် အရေးအကြီးဆုံးအချက်ဖြစ်သည်။

“စည်းကမ်းနှင့်ပညာ” သည် ကောင်းမွန်သော စိတ်ဓာတ်၏ရလဒ်များသာဖြစ်သည်။ ဗုဒ္ဓဘာသာ၏ အဆုံးအမများတွင် “မနောပုဗ္ဗင်္ဂမာ ဓမ္မာ” ဟူ၍ ရှိသည်နှင့်အညီ အရာခပ်သိမ်းတို့သည် စိတ်က အကြိုဆွေးသည်။ ပြင်းပြသော သင်ယူလိုစိတ်၊ ရိုးသားဖြောင့်မတ်လိုသောစိတ်၊ ကြိုးစားလိုသော စိတ်ဓာတ်တို့မရှိပါက မည်သည့်စည်းကမ်းနှင့် ပညာရပ်မှ အသက်ဝင်နိုင်မည်မဟုတ်ပေ။

အခြေခံပညာကျောင်းသားဘဝသည် စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် ပြည့်နှက်နေသည်။ စာမေးပွဲကျရှုံးခြင်း၊ သူငယ်ချင်းများနှင့် အဆင်မပြေဖြစ်ခြင်း၊ မိသားစုအခက်အခဲများ ကြုံတွေ့ရခြင်း စသည့်ပြဿနာအမျိုးမျိုးကို ရင်ဆိုင်ရတတ်သည်။ ဤအချိန်တွင် လိုအပ်သည်မှာ ကျရှုံးမှုမှ ပြန်လည်ထူမတ်နိုင်သည့် **“ခွန်လုံလ”** နှင့် **“စိတ်ဓာတ်ခွန်အား”** ပင်ဖြစ်သည်။

ကမ္ဘာကျော် ပုဂ္ဂိုလ်များစွာ၏ အဆိုအဓိန့်များတွင်လည်း စိတ်ဓာတ်၏အရေးပါပုံကို အလေးထားဖော်ပြထားသည်ကို တွေ့ရသည်။ နာမည်ကျော် အမေရိကန်သမ္မတဟောင်း အေဘရာဟမ်လင်ကွန်း (Abraham Lincoln) ကဲ့သို့သော ပုဂ္ဂိုလ်များသည် ဘဝတွင် အကြိမ်ကြိမ်ကျရှုံးခဲ့သော်လည်း မဆုတ်မနစ်သော စိတ်ဓာတ်ကြောင့်သာ နောက်ဆုံးတွင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။

“အောင်မြင်မှုဆိုသည်မှာ နောက်ဆုံးကျရှုံးမှုအပြီးတွင် နောက်ထပ်တစ်ကြိမ် ဆက်ကြိုးစားခြင်းသာဖြစ်သည်” ဟူသော စကားရပ်သည် စိတ်ဓာတ်၏ အရေးပါပုံကို ထင်ရှားစေသည်။

သို့ဖြစ်၍ အခြေခံပညာကျောင်းသားတိုင်းသည် စည်းကမ်းနှင့်ပညာကို မြတ်နိုးရမည်မှာ မှန်သော်လည်း ၎င်းတို့အားလုံးကို ထိန်းကျောင်းပေးမည့် ခိုင်မာသော **“စိတ်ဓာတ်”** ကို ဦးစွာတည်ဆောက်ရမည်ဖြစ်သည်။ ရိုးသားဖြောင့်မတ်သည့်စိတ်ဓာတ်၊ ဇွဲလုံ့လရှိသည့် စိတ်ဓာတ်နှင့် ရိုင်းပင်းကူညီစေပြီး ပန်းတိုင်ဆီသို့ ဖြောင့်တန်းစွာ ရောက်စေနိုင်သည်။ စည်းကမ်းရှိသူသည် အချိန်ကိုတန်ဖိုးထားသုံးစွဲတတ်ပြီး လုပ်ငန်းဆောင်တာများကို ထိရောက်စွာပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်။

မိမိစိတ်ဆန္ဒများကို ထိန်းချုပ်ပြီး မှန်ကန်သည့် ဘက်သို့ ဦးတည်ဆောင်ရွက်နိုင်ရန် စည်းကမ်းက ကူညီသည်။ စည်းကမ်းရှိသော ကျောင်းသားသည် လိုသည့် ပြည်ထောင်စုစိတ်ဓာတ်တို့သည်သာလျှင် ကျောင်းသားတစ်ဦးကို ဘက်စုံပြည့်ဝသည့် လူကောင်းတစ်ယောက်အဖြစ် ပုံဖော်ပေးနိုင်သော အရေးအကြီးဆုံး စိတ်နေစိတ်ထား (Mind Set) အုတ်မြစ်များဖြစ်သည်။

**> အခြေခံပညာကျောင်းသားတိုင်းသည် စည်းကမ်းနှင့်ပညာကို မြတ်နိုးရမည်မှာ မှန်သော်လည်း ၎င်းတို့အားလုံးကို ထိန်းကျောင်းပေးမည့် ခိုင်မာသော “စိတ်ဓာတ်” ကို ဦးစွာတည်ဆောက်ရမည်ဖြစ်သည်။ ရိုးသားဖြောင့်မတ်သည့်စိတ်ဓာတ်၊ ဇွဲလုံ့လရှိသည့် စိတ်ဓာတ်နှင့် ရိုင်းပင်းကူညီလိုသည့် ပြည်ထောင်စုစိတ်ဓာတ်တို့သည်သာလျှင် ကျောင်းသားတစ်ဦးကို ဘက်စုံပြည့်ဝသည့် လူကောင်းတစ်ယောက်အဖြစ် ပုံဖော်ပေးနိုင်သော အရေးအကြီးဆုံးစိတ်နေစိတ်ထား အုတ်မြစ်များဖြစ်**

**စည်းကမ်းရှိခြင်းသည်လည်း နိုင်ငံတိုးတက်မှုအတွက် အဓိကကျ**

“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဟူသည့်အတိုင်း စည်းကမ်းရှိခြင်းသည်လည်း နိုင်ငံတိုးတက်မှုအတွက် အဓိကကျသည်။ ကျောင်းစည်းကမ်း၊ လောကစည်းကမ်းများကို လေးစားလိုက်နာခြင်းဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် လေ့ကျင့်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ခိုင်မာပြီး ကောင်းမွန်သော စိတ်ဓာတ်သည် စည်းကမ်းရှိရန်နှင့် ပညာတတ်ရန်အတွက် မရှိမဖြစ်လိုအပ်သော တွန်းအားတစ်ခုဖြစ်သည်။

အခြေခံပညာကျောင်းများအတွက် **“စည်းကမ်း”** သည်လည်း အရေးကြီးသည်ဟုမှတ်ယူထားသည်မှာလည်း ငြင်းစရာမရှိသောအမှန်တရားတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စည်းကမ်းသည် အောင်မြင်မှု၏အုတ်မြစ်နှင့် လူ့အဖွဲ့အစည်း၏ အသက်သွေးကြော ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ စည်းကမ်းသည် အရာရာကို စနစ်တကျရှိစာသင်ချိန်မှန်ကန်စွာ တက်ရောက်ခြင်း၊ အိမ်စာများကို အချိန်မီလုပ်ဆောင်ခြင်းစသည့် အလေ့အကျင့်ကောင်းများကြောင့် ပညာဗဟုသုတကိုပိုမိုထိရောက်စွာ ဆည်းပူးနိုင်မည်ဖြစ်သည်။ လူတိုင်းစည်းကမ်းကို လိုက်နာမှသာ ရပ်ရွာ၊ ကျောင်း၊ နိုင်ငံတော် စသည်တို့တွင် ငြိမ်းချမ်းသာယာမှုရှိလာမည်ဖြစ်ပြီး ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် စည်းကမ်းသည် လူတစ်ဦးချင်းစီ၏ ဘဝနှင့် သာယာဝပြောသည့် လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။

**ပညာရှိမှသာ မှားသည်၊ မှန်သည် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိ**

**“ပညာ”** သည် အရေးကြီးသည်ဟု သတ်မှတ်ခြင်းသည်လည်း အလွန်မှန်ကန်ပြီး ခိုင်မာသော အယူအဆတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပညာရှိမှသာ မှားသည်၊ မှန်သည်၊ ကောင်းသည်၊ ဆိုးသည်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိမည်ဖြစ်သည်။ ၎င်းသည် ကောင်းမွန်သော စိတ်ဓာတ်ဖြစ်ပေါ်လာစေရန်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် အခြေခံဖြစ်ပြီး အမှားအမှန် ခွဲခြားသိမြင်နိုင်ခြင်းဖြစ်သည်။

ယနေ့ခေတ်ကမ္ဘာကြီးတွင် ပညာမတတ်ဘဲ ဘဝရပ်တည်ရန် မလွယ်ကူချေ။ ပညာသည်သာလျှင် မိမိကိုယ်မိမိနှင့် မိသားစုကို ထောက်ပံ့နိုင်စေပြီး နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝရပ်တည်မှုကို ကူညီစေနိုင်သည်။ ပညာရှိသူသည် သူတစ်ပါး၏ သွေးဆောင်ဖြားယောင်းမှုသို့မဟုတ် လွှမ်းမိုးမှုအောက်သို့ အလွယ်တကူ မရောက်ရှိဘဲ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်နိုင်သည်။ ပညာကြောင့် စည်းကမ်းကို အဘယ်ကြောင့် လိုက်နာရသည်ဆိုသောအကြောင်းပြချက်နှင့် အနှစ်သာရကို ပိုမိုနားလည်သဘောပေါက်စေသည်။ ထို့ကြောင့် စည်းကမ်းကို ပိုမိုထိရောက်စွာ လိုက်နာကျင့်သုံးနိုင်မည်ဖြစ်သည်။ ပညာသည် လူသားအချင်းချင်းနှင့် မိမိပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စွာ နားလည်စေပြီး ပိုမိုပြည့်စုံသည့် ဘဝတစ်ခုကိုပိုင်ဆိုင်နိုင်စေမည့် သော့ချက်ပင်ဖြစ်သည်။

**အပြန်အလှန်အားဖြည့်**

‘စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ’ ဟူသော ဆောင်ပုဒ်ပါ အချက်သုံးချက်စလုံးသည် တစ်ခုနှင့် တစ်ခု ဆက်စပ်နေပြီး ခွဲခြား၍မရနိုင်ပေ။ တစ်ခုပြည့်စုံရန်အတွက် အခြားတစ်ခုက မရှိမဖြစ်လိုအပ်သည့် အပြန်အလှန်အားဖြည့်မှုများဖြစ်သည်။

အခြေခံပညာကျောင်းသားဘဝသည် ဘဝ၏ အရေးကြီးဆုံး ရွှေမင်ည်စိမ် ကာလတစ်ခုဖြစ်သည်။ ဤကာလတွင် ကျောင်းသားတိုင်း လိုက်နာသင့်သည့် အခိကတာဝန်နှစ်ရပ်မှာ “စာသင်ကြားခြင်း” နှင့် “စိတ်ပြင်ဆင်ခြင်း” ပင်ဖြစ်သည်။ ဆရာ ဆရာမများနှင့် မိဘများက မကြာခဏဆိုသလို ပြောကြားလေ့ရှိသည့် **“စာကိုလည်းသင် စိတ်လည်းပြင်”** ဟူသော ဆောင်ပုဒ်သည် ဤအချက်နှစ်ခု၏ အရေးပါပုံကို အတိုဆုံးနှင့် အထိမိဆုံး ဖော်ညွှန်းနေသည်။

“ပညာသည် အဖိုးမဖြတ်နိုင်သော ရတနာ” ဟူသောစကားပုံအတိုင်း ပညာရပ်များသည် ကျောင်းသားတစ်ဦး၏ အနာဂတ်ဘဝအတွက် မရှိမဖြစ်လိုအပ်သည့် အသိဉာဏ်အလင်းနှင့် လက်နက်များဖြစ်သည်။ စာသင်ကြားခြင်းဖြင့် ကမ္ဘာကြီးအကြောင်း၊ သဘာဝလောကအကြောင်း၊ လူမှုပတ်ဝန်းကျင်အကြောင်း ဗဟုသုတအသိပညာများ တိုးပွားစေသည်။ ဘာသာရပ်အလိုက် လေ့ကျင့်ခန်းများလုပ်ဆောင်ခြင်းဖြင့် ပြဿနာဖြေရှင်းနိုင်စွမ်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် တွေးခေါ်နိုင်စွမ်းတို့ ကျွမ်းကျင်တိုးတက်ရရှိလာမည်ဖြစ်သည်။ ရရှိလာသောပညာရပ်များကိုအသုံးချ၍ မိမိအတွက် ကောင်းမွန်သော အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများရှာဖွေနိုင်ပြီး မိသားစုဘဝရပ်တည်မှုနှင့် နိုင်ငံအကျိုးကိုလည်း ဆောင်ရွက်နိုင်သည်။

သို့သော် စာတတ်ရုံဖြင့် ပြည့်စုံသော လူတစ်ယောက် မဖြစ်နိုင်သေးသဖြင့် ဒုတိယပိုင်းဖြစ်သည့် “စိတ်ပြင်ဆင်ခြင်း” က အဓိကအားဖြည့်ပေးသည်။

“စိတ်” သည် လူသားအားလုံးကို မောင်းနှင်နေသည့် စွမ်းအားဖြစ်သည်။ မည်မျှပင်ထူးချွန်သည့် ပညာတတ်ဖြစ်စေကာမူ စိတ်ဓာတ်နှင့် စာရိတ္တမကောင်းမွန်ပါက လူ့အဖွဲ့အစည်းအတွက် အကျိုးရှိနိုင်မည်မဟုတ်ပေ။ ရိုးသားမှု၊ သစ္စာရှိမှု၊ ကြင်နာတတ်မှု၊ သူတစ်ပါးအပေါ်လေးစားမှု စသည့် ကောင်းမွန်သောစိတ်ဓာတ်များကို မွေးမြူရမည်။ ၎င်းသည် မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းခြင်းဖြစ်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းဖြစ်သည်။

စိတ်ကိုထိန်းချုပ်ပြီး ကျောင်းစည်းကမ်း၊ လမ်းစည်းကမ်းနှင့် လောကပါလတရားများကို လိုက်နာကျင့်သုံးတတ်သည့် စည်းကမ်းလိုက်နာရေး အလေ့အကျင့်သည်လည်း အရေးကြီးသည်။ စာသင်ကြားရာတွင် အခက်အခဲကြုံတွေ့တိုင်း လွယ်လွယ်အရှုံးမပေးဘဲ ပြန်လည်ကြိုးစားလိုသည့် ခိုင်မာသောစိတ်ဓာတ်ကို ပြုပြင်တည်ဆောက်ရမည်ဖြစ်သည်။

“စာကိုလည်းသင် စိတ်လည်းပြင်” ဟူသော ဆောင်ပုဒ်သည် ပညာရေး၏အနှစ်သာရကို အပြည့်အဝဖော်ညွှန်းသည်။ စာသင်ကြားခြင်းဖြင့် **ဉာဏ်ပညာ**ကိုရရှိပြီး စိတ်ကိုပြင်ဆင်ခြင်းဖြင့် **ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်**ကို မြှင့်တင်ရမည်ဖြစ်သည်။ ဤအချက်နှစ်ခုစလုံးသည် ပြည့်စုံသော အနာဂတ်တွင်အားကိုးရမည့် နိုင်ငံသားကောင်းများဖြစ်လာကြမည်မှာ ဧကန်မလွဲပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား - နေ့စဉ်ထုတ်သတင်းစာများ**

**> “ ပညာသည် အဖိုးမဖြတ်နိုင်သော ရတနာ” ဟူသောစကားပုံအတိုင်း ပညာရပ်များသည် ကျောင်းသားတစ်ဦး၏ အနာဂတ်ဘဝအတွက် မရှိမဖြစ်လိုအပ်သည့် အသိဉာဏ်အလင်းနှင့် လက်နက်များဖြစ်သည်။ စာသင်ကြားခြင်းဖြင့် ကမ္ဘာကြီးအကြောင်း၊ သဘာဝလောကအကြောင်း၊ လူမှုပတ်ဝန်းကျင်အကြောင်း ဗဟုသုတအသိပညာများ တိုးပွားစေသည်။ ဘာသာရပ်အလိုက် လေ့ကျင့်ခန်းများလုပ်ဆောင်ခြင်းဖြင့် ပြဿနာဖြေရှင်းနိုင်စွမ်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် တွေးခေါ်နိုင်စွမ်းတို့ ကျွမ်းကျင်တိုးတက်ရရှိလာမည်**

# ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၅

အနာဂတ်မျိုးဆက်သစ် လူငယ် ကျောင်းသား ကျောင်းသူများ အနေဖြင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ကြည့်ရှု၍ တွဖက် လေ့လာနိုင်ရန်၊ နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် တပ်မတော် သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းစဉ်များနှင့် တပ်မတော်၏ အမျိုးသားရေး တာဝန်ထမ်းဆောင်ခဲ့မှု သမိုင်း ကြောင်းများကို သိရှိနားလည်စေ ရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်း သား ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားစေရန် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက် ရှိရာ ဩဂုတ် ၄ ရက်တွင် အမှတ် (၁) အခြေခံပညာ အလယ်တန်း ကျောင်းနှင့် အမှတ်(၁၆) အခြေခံ ပညာ အထက်တန်းကျောင်း (ကျည်တောင်)မှ ကျောင်းသား ကျောင်းသူများ၊ ယနေ့တွင် အခြေခံပညာ အလယ်တန်း ကျောင်း(၃) (စည်ပင်သာယာ)မှ ကျောင်းသား ကျောင်းသူများသည် အုပ်ချုပ်သူ ဆရာ ဆရာမများ လိုက်ပါ၍ တပ်မတော်စစ်သမိုင်း ပြတိုက်သို့ သွားရောက်လေ့လာ ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ရောက်ရှိကြရာ ပြတိုက်တာဝန် ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ် ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍ အလိုက် ပြန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြော ကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များသည် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှုးရုံး ပြန်း၊ စစ်အင်ဂျင်နီယာညွှန်ကြား ရေးမှူးရုံးပြန်း၊ လျှပ်စစ်နှင့်စက်မှု အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ပြန်း၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ပြန်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးပြန်း၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြား ရေးမှူးရုံးပြန်း၊ ပြည်သူ့ဆက်ဆံ ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးပြန်း၊ ပြန်လည် နေရာချထားရေးညွှန်ကြားရေးမှူး ရုံးပြန်း၊ ဆေးဝန်ထမ်းညွှန်ကြား ရေးမှူးရုံးပြန်း၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ရုံးပြန်း၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ရုံးပြန်း၊ သံချပ်ကာယန္တရား တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြန်း၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေး မှူးရုံးပြန်း၊ လေကြောင်းရန်ကာ ကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံးပြ ခန်း၊ တပ်မတော်(ရေ)ပြခန်းနှင့် တပ်မတော် (လေ)ပြခန်းများကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှု ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူ များကရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များသည် ပြင်ပပြကွက်များဖြစ် သည့် တပ်မတော်(ကြည်း) ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ)ပြကွက်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာ ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်)မှ ကျောင်းသား ကျောင်းသူများ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးပြခန်းတွင် ကြည့်ရှုလေ့လာစဉ်။



အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်)မှ ကျောင်းသား ကျောင်းသူများ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ကြည့်ရှုလေ့လာစဉ်။

# ပခုက္ကူတက္ကသိုလ်၌ လောင်းကစားဥပဒေနှင့် ပတ်သက်၍ သရုပ်ပြတရားရုံးဆောင်ရွက်

ပခုက္ကူ ဩဂုတ် ၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူ တက္ကသိုလ် ဥပဒေပညာဌာနမှ နေ့သင်တန်းကျောင်းသား ကျောင်းသူ များ၏ လောင်းကစားဥပဒေပုဒ်မ ၁၈(က)နှင့်ပတ်သက်၍ သရုပ်ပြ တရားရုံး (စာတွေ့လက်တွေ့ပေါင်းစပ်ခြင်း)ကို ယနေ့နံနက် ၉နာရီခွဲ က ပြုလုပ်သည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ပခုက္ကူတက္ကသိုလ် ဥပဒေပညာဌာနမှ နေ့သင်တန်း ကျောင်းသား ကျောင်းသူများက တရားသူကြီး၊ တရားလို၊ တရားပြိုင်၊ ရှေ့နေနှင့် သက်သေများအဖြစ် အခန်းကဏ္ဍအလိုက် လောင်းကစား ဥပဒေပုဒ်မ ၁၈(က)ကို အခြေခံ၍ တရားရုံး လုပ်ထုံးလုပ်နည်းအတိုင်း အမိန့်ချမှတ်သည်အထိ သရုပ်ပြတရားရုံးလုပ်ငန်းစဉ်များကို ခွဲဝေ သရုပ်ဆောင်ကြသည်။

အဆိုပါအခမ်းအနားတွင် ပခုက္ကူကတက္ကသိုလ် ခေတ္တ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကိုတင်၊ ခရိုင်/မြို့နယ် တရားသူကြီး၊ ခရိုင်/မြို့နယ်ဥပဒေအရာရှိ၊ ပခုက္ကူရှေ့နေများအသင်း၊ မြို့နယ်အတွင်းရှိရှေ့နေများ၊ ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြ ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ယဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး အမျိုး သားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)နှင့် ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)တို့ ပူးပေါင်းကျင်းပသည့် ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်း ရှင်းရေး အသိပညာပေးဟော ပြောပွဲကို ဩဂုတ် ၄ ရက်မွန်းလွဲ ပိုင်းက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သရဖီဆောင် အနုပညာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဦးခိုင်ထွန်းက အမှာစကား ပြောကြားပြီး ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်းခရိုင်)ဦးစီးမှူး ဒေါ်နုင်းမာလာမိုး၊ ရန်ကုန် တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူ ပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ တွဲဖက်အတွင်းရေးမှူး ဦးလျက်ကျင်မန်၊ ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)မှ ဦးစီးအရာရှိ ဦးကျော်သီဟတို့က ယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်းကို သိရှိနား လည်ပြီး ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ်ကင်းရှင်းစွာ သွားလာ နေထိုင်တတ်စေရန်၊ ယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်းကို သတိပြု လိုက်နာတတ်စေရန်နှင့် ယာဉ် အန္တရာယ်ကင်းရှင်းရေးနှင့်ပတ် သက်၍ လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့် အချက် များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းများအကြောင်းကို အသိ ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

မြင့်ဦး



# လေးမျက်နှာမြို့နယ်အတွင်း ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ဧရာဝတီဖောင်ဒေးရှင်းက စားရေရိက္ခာနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်း

လေးမျက်နှာ ဩဂုတ် ၅

မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များ၊ လိုအပ်သည့်နေရာများတွင် အစဉ်အမြဲ ကူညီပံ့ပိုးပေးလျက်ရှိသည့် ဧရာဝတီဖောင်ဒေးရှင်းသည် လေးမျက်နှာမြို့နယ်အတွင်း ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် သွားရောက်၍ စားရေရိက္ခာနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခဲ့သည်။

ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် ဩဂုတ် ၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ရေဘေးဒဏ်ခံစားနေရ သည့် အိုင်သပြုကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခဲ့သည်။ ထို့ပြင် ဩဂုတ် ၅ ရက်တွင်လည်း စာရေးကွင်းကျေးရွာရှိ ရေဘေးကွပ်ကဲ မှုရုံးသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအတွက် စားရေရိက္ခာ များ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ ရေသန့်များ၊ Donation Box များ သွားရောက်လှူဒါန်းခဲ့သည်။

ဧရာဝတီဖောင်ဒေးရှင်းသည် လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့် ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ၊ ပြန်လည်တည် ဆောက်ရေးလုပ်ငန်းများတွင် ဆက်လက်ပါဝင်ကူညီသွားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကြောင့် အခက်အခဲများ ကြုံတွေ့နေရသော ပြည်သူများထံ လိုအပ်သော ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

သတင်း-မောင်ညီ၊ဓာတ်ပုံ-ကိုမိုး



ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ သြဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)




# ထန်းတပင်မြို့နယ်၌ မိုးစပါးဧက ၇၃၅၃၀ စိုက်ပျိုးပြီးစီး

ထန်းတပင် သြဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီချိန်တွင် မိုးစပါးစိုက်ဧက ၇၃၅၃၀ စိုက်ပျိုးရန်လျာထားရာ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ထန်းတပင်မြို့နယ်တွင် ယခုနှစ် မိုးစပါးသီးနှံ စိုက်ပျိုးဧက ၇၃၅၃၀ တွင် အထွက်ကောင်းမျိုးများဖြစ်သည့် အောင်နိုင်တိုး၊ ရက် ၉၀၊ နှံကောက်၊ YAR-14၊ ဆင်းသခ စသည့် စပါးမျိုးများအပါအဝင် အဆင့်မြင့် မျိုးစပါးဖြစ်သည့် ငကျွဲမွေးစပါးမျိုး ၆၀၅ ဧက စိုက်ပျိုးထားရှိပြီး ဖြစ်သည်။

**ကွင်းဆင်းသရုပ်ပြသ**

မိုးစပါးကို ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချက်ရိယာဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် ပေါင်စနစ်တို့ဖြင့် စိုက်ပျိုးထားရှိကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီ အနေဖြင့် ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံစေရန်နှင့် စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူများအား နှစ်စဉ် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ပံ့ပိုးပေးခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် စိုက်ပျိုးနည်းပညာများ လက်တွေ့ကွင်းဆင်း သရုပ်ပြသပေးခြင်း လုပ်ငန်းများ၊ စိုက်ပျိုးနည်းစနစ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် တောင်သူအသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မောင်အောင်(ပြန်/ဆက်)





# မြစ်ကြီးနားမြို့၌ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်တို့ အသုံးပြု၍ မိုးစပါးစိုက်ပျိုး

မြစ်ကြီးနား သြဂုတ် ၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မိုးစပါးအထွက်နှုန်းပန်းတိုင်ရရှိရေး၊ အချိန်မီစိုက်ပျိုးနိုင်၍ ဒုတိယသီးနှံ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေး၊ ဒေသတွင်းဝမ်းစာဖူလုံရေး၊ ကုန်ကျစရိတ်သက်သာ၍ လုပ်သားအင်အားရှာပါးမှုပြဿနာ ဖြေရှင်းပေးနိုင်စေရေးအတွက် ခြောက်တန်းသွားကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်တို့ အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက စီတာပူရပ်ကွက်ရှိ တောင်သူ ဦးဆွတ်ရိန်၏ လယ်မြေ သုံးဧကအတွင်း၌ ကျင်းပသည်။

အဆိုပါသရုပ်ပြပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်တို့ အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများအား ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်တို့ အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်းအား လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များနိုင်ခဲ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်နိုင်ခဲ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လေ့များနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့် နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူခြားသည့်အခြေအနေများ အချိန်နှင်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

**နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



# ကော့ကရိတ်မြို့၌ မိုးစပါး စံပြကွက်စိုက်ပျိုး

ကော့ကရိတ် သြဂုတ် ၅

စိုက်ပျိုးရေးဦးစီးဌာနက ကော့ကရိတ်မြို့ အမှတ်(၆)ရပ်ကွက်တောင်သူ ဦးဘမြိုင်၏ လယ်မြေ ငါးဧက၌ ယနေ့နံနက်ပိုင်းတွင် မိုးစပါးဆင်းသုခမျိုးစေ့ထုတ် စံပြကွက်စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးဆောင်ရွက်နေခြင်းကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက သတ်မှတ်ကောက်ကွက် ပြည့်မီစေရန် စံကွက်တိုင်းတာမှုကို သရုပ်ပြစစ်ဆေးဆောင်ရွက်ကြပြီး လာရောက်ကြည့်ရှုကြသည့် တောင်သူများအား စပါးမျိုးစေ့ဖွားများထုတ်လုပ်နည်း လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# Trump National ဂေါက်ကွင်း၌ လက်နက်ကိုင်ဆောင်ထားသည့် သံသယရှိသူတစ်ဦးကို အမေရိကန်အာဏာပိုင်များက ဖမ်းဆီး

ဝါရှင်တန် ဩဂုတ် ၅

အမေရိကန်သမ္မတဒေါနယ်ထရမ့်လာရောက်ရန် စီစဉ်ထားသည့် ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဂေါက်ကွင်းတစ်ခုဆီ လက်နက်ကိုင်ဆောင်ထားသည့် သံသယရှိသူတစ်ဦးကို အမေရိကန်အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

၎င်းသံသယရှိသူကို သမ္မတထရမ့် ရောက်မလာမီ နှစ်ရက်အလိုတွင် အာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

Trump National ဂေါက်ကွင်းတွင် သံသယဖြစ်ဖွယ် လူတစ်ဦးရှိနေကြောင်း ဖက်ဒရယ်အေးဂျင်းများက ဩဂုတ် ၂ ရက်တွင် အကြောင်းကြားခဲ့သည်ဟု လေ့စစ်အိန်ဂျလိစ်ခရိုင်ရှိ တရားဥပဒေဖိုးမိုးရေး အရာရှိများက ယမန်နေ့တွင် ပြောကြားခဲ့သည်။

သံသယရှိသူသည် ဂေါက်ကွင်းအတွင်း လှည့်လည်သွားလာပြီး ဓာတ်ပုံနှင့် ဗီဒီယိုများ ရိုက်ကူးကာ လုံခြုံရေးဆိုင်ရာ လူပုဂ္ဂိုလ်များမှုများကို စောင့်ကြည့်လေ့လာနေပုံရကြောင်း ၎င်းတို့က



ပြောကြားသည်။

အသက် ၃၈ နှစ်အရွယ် အဆိုပါအမျိုးသားကို ရှာဖွေစစ်ဆေးခဲ့ရာ ၎င်း၏ဘောင်းဘီအိတ်ကပ်ထဲတွင် ကျည်ဆန်များကို တွေ့ရှိခဲ့ပြီး ၎င်း၏ကားအတွင်း တွင်လည်း ပစ္စတိုသေနတ်တစ်လက်ကို တွေ့ရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

လျှို့ဝှက်စွာ သေနတ်ကိုင်ဆောင်ထားမှုနှင့် အခြားပြစ်မှုဆိုင်ရာ စွပ်စွဲချက်များဖြင့် ၎င်းအား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

သမ္မတထရမ့်က ရီပတ်ဘလစ်ကန်ပါတီ၏ အစည်းအဝေးတစ်ခု တက်ရောက်ရန် ဩဂုတ် ၄ ရက်တွင် အဆိုပါ ဂေါက်ကွင်းသို့ လာရောက်ခဲ့သည်။

အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်၍ သမ္မတလုံခြုံရေးအဖွဲ့နှင့် အခြားသော ဖက်ဒရယ်အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၃ ရက်တွင် ၎င်းအမျိုးသား၏နေအိမ်ကို ရှာဖွေစစ်ဆေးခဲ့ရာ သေနတ်များ၊ ကျည်ကာအင်္ကျီနှင့် ပြည်သူ့လုံခြုံရေး ခြိမ်းခြောက်မှုဆိုင်ရာ အကြောင်းအရာများပါဝင်သည့် မှတ်စုစာအုပ်များစွာကို သိမ်းဆည်းရမိခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။ သို့သော် ၎င်းတို့အနေဖြင့် မှတ်စုစာအုပ်များတွင် ပါဝင်သည့် အကြောင်းအရာများကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ကိုးကား - အင်နံအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဟော်မုဇ်ရေလက်ကြားဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများတွင် အမေရိကန်အစိုးရ ပါဝင်ဆောင်ရွက်လျက်ရှိ

ဝါရှင်တန် ဩဂုတ် ၅

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကို ရူဗီယိုက ဟော်မုဇ်ရေလက်ကြားနှင့် ပတ်သက်သည့် ဆွေးနွေးညှိနှိုင်းမှုများတွင် ဝါရှင်တန်အစိုးရ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ယမန်နေ့က ပြောကြားသည်။

အဆိုပါ ရေလမ်းကြောင်းမှ တစ်ဆင့် သင်္ဘောများ ပိုမိုသွားလာနိုင်ရေးအတွက် အီရန်နှင့် အိုမန်တို့ဘက်မှ ကိုယ်စားလှယ်များက ကြိုးပမ်းဆောင်ရွက်နေကြပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့်လည်း ဆွေးနွေးမှုများတွင် ပါဝင်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

အမေရိကန်နှင့် အီရန်တို့အကြား အဆိုပါ ရေလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သဘောတူညီချက်တစ်ခု ရရှိနိုင်ဖွယ်ရှိကြောင်း၎င်းက သတင်းထောက်များအား ပြောကြားသည်။

သို့သော် အီရန်အရာရှိများကမူ အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်နေခြင်းမရှိကြောင်း ဆက်လက်ငြင်းဆိုခဲ့သည်။ ထို့ပြင် သင်္ဘောများအနေဖြင့် တီဟီရန်အစိုးရက ခွင့်ပြုထားသော လမ်းကြောင်းများကိုသာ အသုံးပြုကြရန် ၎င်းတို့က သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ကိုးကား - အင်နံအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# သီရိလင်္ကာနိုင်ငံ၌ မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်

ကိုလံဘို ဩဂုတ် ၅

သီရိလင်္ကာနိုင်ငံတစ်ဝန်း၌ မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နိုင်ငံ၏ ဒေသအများအပြားရှိ နေအိမ်များ၊ လယ်ယာမြေများနှင့် လမ်းမများတွင် ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် နိုင်ငံအလယ်ပိုင်းဒေသရှိ တောင်တန်းဒေသများ၌ ပြင်းထန်စွာ ထိခိုက်ခံစားခဲ့ရသည်။

မြေပြိုကျမှုများအတွင်း မြေပိမိ၍ အနည်းဆုံး ငါးဦးသေဆုံးခဲ့ပြီး အခြားနှစ်ဦးမှာ ရေကြီးရေလျှံမှုများကြောင့် သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ နေအိမ် ၃၀၀ နီးပါး ပျက်စီးခဲ့ရပြီး လူပေါင်း ၃၅၀၀ ခန့်မှာ ဘေးလွတ်ရာဒေသများသို့ ရွှေ့ပြောင်း ခိုလှုံခဲ့ကြရသည်။

ရေဘေးသင့်ဒေသများတွင် ပိတ်မိနေသော ဒေသခံများကို ကယ်ဆယ်ရန်အတွက် ရေတပ်နှင့်ကြည်းတပ်မှ တပ်ဖွဲ့ဝင်များကို စေလွှတ်ထားသည်။

လူပေါင်း ၆၄၀ ကျော်၏ အသက်ကို ဆုံးရှုံးစေခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း 'ဒစ်ဝါ' ကြောင့် ပြီးခဲ့သည့်နှစ် နိဝင်ဘာလက ကြုံတွေ့ခဲ့ရသော ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများမှ ပြန်လည်နာလန်ထူရန် ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ သဘာဝဘေးအန္တရာယ် ထပ်မံကြုံတွေ့နေရခြင်း ဖြစ်သည်။

ကိုးကား - အင်နံအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ကမ္ဘာကျော် နီပေါတောင်တက်သမား နိရ်မယ်ပူဂျာ ကွယ်လွန်

ခတ္တမန္တူ ဩဂုတ် ၅



ကမ္ဘာကျော်နီပေါတောင်တက်သမား နိရ်မယ်လ်ပူရ်ဂျာသည် ပါကစ္စတန်နိုင်ငံ ဘရော့ဒ်ပိခ်တောင်ပေါ်သို့ တက်ရောက်စဉ် ဇူလိုင် ၃၀ ရက်တွင် ဆီးနှင်းပြိုကျမှုကြောင့် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

၎င်းသည် ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့အမြင့်ဆုံးတောင် ၁၄ ခုကို ခြောက်လှန့်ခြောက်ရက်အတွင်း အမြန်ဆုံးတက်ရောက်နိုင်ခဲ့သူဖြစ်သည်။

၎င်းနှင့်တောင်တက်သမားကိုးဦးပါဝင်သည့်အဖွဲ့သည် ၈၀၄၇ မီတာအမြင့်ရှိ တောင်ထိပ်သို့ တက်နေစဉ် ဆီးနှင်းပြိုကျမှုဖြစ်ပြီး ယခုကဲ့သို့ တောင်တက်သမားအားလုံး ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။ တောင်တက်ခရီးမှာ ယခုကဲ့သို့အဆုံးသတ်ခဲ့သော်လည်း ၎င်းတို့၏ သတ္တိ၊ မဆုတ်မနစ်သည့် ဇွဲလုံ့လနှင့်ပေးဆပ်မှုများမှာ တည်တံ့နေမည် ဖြစ်ကြောင်း နီပေါနိုင်ငံဝန်ကြီးချုပ် ဘလန်ဒါရှဲက ပြောကြားသည်။

ယခုဖြစ်စဉ်တွင်ပါဝင်သည့် တောင်တက်သမားများထားရှိခဲ့သည့် စိတ်ဓာတ်ခွန်အားသည် ကမ္ဘာပေါ်ရှိ နောင်လာနောက်သားတောင်တက် သမားများအတွက် အတုယူဖွယ်ဖြစ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# ထိုင်းနိုင်ငံ ရာလာပြည်နယ်ဘောလုံးအသင်းမှ ကစားသမားတစ်ဦး ပြိုင်ပွဲအတွင်း မိုးကြိုးထိမှန်သေဆုံး

ဗန်ကောက် ဩဂုတ် ၅

ထိုင်းနိုင်ငံ ရာလာပြည်နယ်ဘောလုံးအသင်းမှအသက် ၂၄ နှစ် အရွယ် တောင်ပံကစားသမား ဆက်ဝမ်အဝီသည် ဩဂုတ် ၄ ရက်က ဒေသတွင်း ဘောလုံးပြိုင်ပွဲအတွင်း ယှဉ်ပြိုင်ကစားနေစဉ် မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ နာရာသီရက်ပြည်နယ် ဆန့်ဂိုင်ဂိုလော့ဖြို့ ဆန့်တီဖတ် အားကစားကွင်း၌ ဩဂုတ် ၄ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲက ဒေသတွင်း Golok FA ဖလား ဘောလုံးပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းနေစဉ် ယခုဖြစ်ရပ်ဖြစ်ပွားခြင်း ဖြစ်သည်။

မိုးကြိုးထိမှန်မှုကြောင့် ဘောလုံးသမားအများအပြား လဲကျခဲ့ပြီး ၎င်းတို့အား ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းနှင့် အဆိုပါဘောလုံးသမားများအနက်မှ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည့် ဆက်ဝမ်အဝီသေဆုံးခဲ့ကြောင်း Thai PBS World သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဆက်ဝမ်အဝီ သေဆုံးခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း သတင်းစကားများကို ရာလာဘောလုံးအသင်းနှင့် ထိုင်းနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ပေးပို့ခဲ့သည်။ ဆက်ဝမ်အဝီသည် လက်ရှိအသင်းနှင့် ဇူလိုင် ၂၉ ရက်က စတင်၍ စာချုပ်ချုပ်ဆိုခဲ့သည်။ ၎င်းသည် ထူးချွန်သည့် တောင်ပံကစားသမားဖြစ်ပြီး ယခင်က ကစားခဲ့သည့် ပက်တနီဘောလုံးအသင်းအား ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ထိုင်းလိဂ် - ၂ သို့ ရောက်ရှိစေခဲ့ကြောင်း သိရသည်။

ကိုးကား- VN Express
ဘာသာပြန် - စိုးသူရ

## လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက်(ဂျင်ခုံ)များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၄၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၄၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး(MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများ လျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၄၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့်စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ် လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဩဂုတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Chit Moe Khant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် နေ ချစ်မိုးခန့်အား ညနေ ၅ နာရီ ၄၀ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းဌာနတွင် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင် ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည့် တည်ဆဲဥပဒေ များအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးအား တာချီလိတ်မြို့နယ်၌ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေး အတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများ၊ အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည့် အပြင် တရားမဝင် ပြည်ပနိုင်ငံသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချနေထိုင်ခြင်း မရှိစေရေး အတွက်လည်း အသေးစိတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝေ့လေလန် ပူးပေါင်းစစ်ဆေးရေးဂိတ် အနီး ရှောင်ကွင်းလမ်းအား ယနေ့ နံနက် ၄ နာရီခန့်တွင် ရှောင်တခင် စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသည့် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးအား စစ်ဆေးမေးမြန်းချက်အရ ဝမ်ပုံကျေးရွာအနီးတွင် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်၍ ခိုအောင်းနေထိုင်သော တရုတ်နိုင်ငံသားများ ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာ၏တောင်ဘက် မိတာ ၄၆၀၀ ခန့် အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၁၉ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၀ ကိုလည်းကောင်း၊ အဆိုပါရောရာ၏ အရှေ့မြောက်ဘက် မိတာ ၂၀၀၀ ခန့် အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၁၉ ဦးအား လည်းကောင်း ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သဖြင့် တရုတ်နိုင်ငံသား အမျိုးသား ၄၀၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၄၁ ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသား ၄၁ ဦးအား သက်ဆိုင်ရာတွင် ထိန်းသိမ်းထားရှိပြီး ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။သတင်းစဉ်




မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးအား တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိမှု ဖြစ်စဉ်ပြပုံ။





တာချီလိတ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၀၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၄၁ ဦးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# ဒဂုံမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းတွင် ကျောင်းသားကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲတွင် ဒဂုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးများ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်စေသော ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများနှင့် ကျန်းမာရေးကောင်းမွန်သည့် လူနေမှုပုံစံများကို အသိပညာပေး ဟောပြောသည်။



ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား သန်ရှင်းဆေးတိုက်ကျွေးခြင်း၊ အလယ်တန်းကျောင်းသူများအား သံဓာတ်အားဆေးများ တိုက်ကျွေးခြင်း၊ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်စေရန် ကျောင်းဝင်းအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်များ ပြုလုပ်ခြင်းနှင့် စနစ်တကျ လက်ဆေးနည်းအဆင့်ဆင့် သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဉာဏ်မင်းပြည့် (ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနာထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သို့လှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# မုံရွာမြို့ရှိ လွန်းကျင်းများတွင် မော်တော်အသစ်ရိုက်သည်ထက် အဟောင်းပြင်သည့်လုပ်ငန်းကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေရ



မုံရွာ သြဂုတ် ၅

စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့ ချင်းတွင်းဆိပ်ကမ်းရှိ လွန်းကျင်းများတွင် မော်တော်အသစ်ရိုက်သည်ထက် အဟောင်း ပြင်သည့်လုပ်ငန်းကို တွင်တွင် ကျယ်ကျယ် ဆောင်ရွက်နေကြရကြောင်း သိရသည်။

"ချင်းတွင်းမြစ်ထဲ ကုန်စည်စီးဆင်းမှု လိုအပ်ချက်ကို ဖြည့်ဆည်းတာ မော်တော်စင်းရေ ပြည့်မီသလောက် ရှိနေပါပြီ။ မော်တော်အသစ် ရိုက်တာထက် အဟောင်းပြင်တဲ့ လုပ်ငန်း ဆောင်ရွက် နေကြရပါတယ်။ အခက်အခဲ အနည်းငယ်တော့ ရှိပါတယ်။ အဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု မုံရွာမြို့ သုခဓနလွန်းကျင်း တာဝန်ခံ ကိုဇေလင်းမောင်က ပြောသည်။

မုံရွာမြို့တွင် လွန်းကျင်းသုံးခု ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိမြို့ရွာများမှ မော်တော်လုပ်ငန်းရှင်များ လာရောက် အလုပ်အပ်နှံ ဆောင်ရွက်ကြသည်က များပြီး လွန်းကျင်းများက မော်တော်များ ရိုက်ပေးနေသည့် အတွက် ချင်းတွင်းမြစ်ကို မှီခိုရောင်းဝယ်နေကြသည့် ကုန်စည်များ စီးဆင်းမှုသည် ပိုမိုမြန်ဆန်လာကြောင်း သိရသည်။

"အရင်က မုံရွာမှာ လွန်းကျင်း မရှိတဲ့အတွက် မော်တော်အသစ် ရိုက်တာဖြစ်ဖြစ်၊ ပြင်တာဖြစ်ဖြစ် မန္တလေးနဲ့ အခြားမြို့တွေမှာ သွားရောက် ဆောင်ရွက်ရပါတယ်။ နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ မော်တော်ကြိုခိုင်မှု စစ်ဆေးတဲ့ အခါ ဒေါက်တင်စစ်ဆေးရပါတယ်။ ဒေါက်တင်တဲ့အခါ အခြားမြို့ကို သွားရောက် ဆောင်ရွက်ရတယ်။ ကုန်ကျစရိတ်ပိုများတယ်။ အဓိက ကုန်ကျစရိတ်က သွားလာစရိတ်၊ နေထိုင်စရိတ်တွေ တက်သွားတဲ့ အတွက် အခုမုံရွာမှာတင်ရိုက်လို့ ရတဲ့အတွက် အများကြီးသက်သာပါတယ်"ဟု မုံရွာမြို့ သုခဓန လွန်းကျင်းတာဝန်ခံ ကိုဇေလင်း မောင်က ပြောသည်။ ကုန်ကျစရိတ်တွေများ၍ လိုအပ်ချက်များ ရှိလာရာ အဆိုပါလိုအပ်ချက်များ နှင့်အတူ တောင်းဆိုမှုများ ရှိလာသည့်အတွက် မုံရွာမြို့တွင် လွန်းကျင်းလုပ်ငန်းကို စတင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သုခဓနလွန်းကျင်း တည်ထောင်သူ ဦးမျိုးဝင်း (အောင်မြသန်း)ထံမှ သိရသည်။

မုံရွာမြို့သုခဓနလွန်းကျင်းတွင် ဆေးသုတ်ဆရာ၊ ပန်းပဲဆရာ၊ လက်သမားဆရာ၊ စက်ပြင်ဆရာ စသည့် ကဏ္ဍအသီးသီးမှ လုပ်သား ၅၀၀ ကျော်ကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင် ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-ဧ-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | မဂ္ဂဝ | မိတ္ထီလာ | စစ်ကိုင် | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | ဖြူးကောက် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၄၀ | ၃၇၇၅ | ၃၇၃၅ | ၃၆၈၅ | ၃၇၈၅ | ၃၈၀၀ | ၃၈၂၅ | ၃၇၂၀ | ၃၈၀၀ | ၃၈၀၀ | ၃၇၉၀ | ၃၈၀၀ | ၃၈၂၀ | ၃၇၈၅ | ၃၈၀၀ | ၃၈၀၅ |
| 95 Ron | ၃၈၈၅ | ၃၈၂၅ | ၃၇၈၀ | ၃၇၀၀ | ၃၈၃၀ | ၃၈၄၅ | ၃၈၈၀ | ၃၇၆၅ | ၄၁၂၅ | ၃၇၈၅ | ၃၉၉၀ | ၃၈၃၀ | ၃၈၃၀ | ၃၈၄၅ | ၃၈၄၀ | ၃၈၆၅ |
| HSD (500 ppm) | ၃၉၈၅ | ၄၁၁၅ | ၄၀၈၅ | ၄၀၀၀ | ၄၁၂၀ | ၄၁၃၅ | ၄၁၆၀ | ၄၀၆၀ | - | ၄၄၀၅ | ၄၀၈၀ | ၄၂၇၀ | ၄၁၆၀ | ၄၁၂၀ | ၄၁၃၅ | ၄၁၆၅ |
| HSD (50 ppm) | ၄၀၃၀ | ၄၀၆၅ | ၄၀၂၅ | ၄၀၄၅ | ၄၀၇၀ | ၄၀၉၀ | ၅၀၁၅ | ၄၀၉၀ | ၅၂၇၀ | ၄၀၂၅ | ၅၀၂၅ | ၅၀၅၀ | ၄၀၇၀ | ၄၀၆၅ | ၄၀၆၅ | ၅၂၂၅ |
| HSD (10 ppm) | ၄၀၃၀ | ၄၀၆၅ | ၄၀၂၅ | ၄၀၄၅ | ၄၀၇၀ | ၄၀၉၀ | ၅၀၁၅ | ၄၀၉၀ | ၅၂၇၀ | ၄၀၂၅ | ၅၀၂၅ | ၅၀၅၀ | ၄၀၇၀ | ၄၀၆၅ | ၄၀၆၅ | ၅၂၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၄၆ | ၃၅၂၃ |
| 95 Ron | ၃၆၃၁ | ၃၅၆၃ |
| HSD (500 ppm) | ၃၇၃၃ | ၃၈၁၃ |
| HSD (50 ppm) | ၃၉၂၀ | ၃၉၆၀ |
| HSD (10 ppm) | ၃၉၂၀ | ၃၉၆၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသို့လှောင်ခြံနှိုးဆွခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


မြန်မာ့အသံနှင့်ခွဲပြင်သံကြား

၆-ဧ-၂၀၂၆ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကာအဖွဲ့ဥက္ကဋ္ဌ သရဏတော်အမှုဖြေသော နိုင်ငံတော်သံယမဟာနာယကာအဖွဲ့သရဏတော်များ၏ ဟရိတ်တရားတော်ဂုဏ်တော်မူတော်ခြင်း
၀၆:၃၀ ပဋ္ဌမဟိမဝန္တရရတိပဋ္ဌာဂကောဒိန မဟာဒဏ္ဍာဂါရိကာအဂ္ဂမဟာပဏ္ဍိတာအာဒိစ္စ ပဟာရဋ္ဌရဘဒ္ဒန္တသိရိနွာတိဝံသ (ဃောဆရာတော်)၏ထေရုပ္ပတ္တိ (အပိုင်း-၄)
၀၇:၀၀ နံနက်သတင်း
၀၇:၁၀ နတ်ဥယိသထသီလပဘာရာတော်
၀၇:၃၀ NRC အစီအစဉ်
၁၀:၃၅ နိုင်ငံခြားမြန်မာဆိုင်းယန်ဟာလိန်းသိမ်းနို့
၁၁:၀၀ NEXT LEVEL
၁၃:၁၀ MRTV National News
၁၄:၄၅ မိုးဥက်တင့်စဆိုကရုဏီးအပေ့

mitv

07:02 Evergreen Classic: Ma Lay Lat Khat Than
07:08 The Greatest Traditional Custom
07:40 Topical Topics: Bamboo Shoot
07:46 Malikha & Fairy Island
08:26 Asia Updates; Folk House Inn; Four Seasons A
08:48 Development Endeavours for The People; Urban Environment Conservation and Cleansing Department (UECCD)
09:01 Alms Bowl
09:21 The Ornithologist: Dr. Thein Aung
09:52 Listening Pleasure, Instrumental Music (Horn Violin) Aung

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
မိတ်တော်ချိုင်ရေတွန်သို့အလည်တစ်ခေါက်
ချင်း (ဇီးရူး) (၀၇:၀၀ မှ ၀၈:၀၀)
ချင်း(ဇီးရူး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂၂)
မြန် (၀၈:၀၀ မှ ၁၀:၀၀)
ထန်းပင်ပေါ်ကတိုးတဝေ
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
အနောက်ပိုင်းတိုင်းဒေသကြီးအပြောင်းအလဲ
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ပို့ဆောင်ခြင်းကိုယုံကြည်ပါသလား
၀ (၁၃:၀၀ မှ ၁၆:၀၀)
တေးသံရှင် အက်တောင်းနှင့်တွေ့ဆုံခြင်း

MRTV NEWS

၀၆:၀၀ အပြင်တေးသီချင်း
၀၆:၀၅ လူငယ်ရုပ်ရှားများ အားကစား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကုဒ်(LIVE)
၁၈:၄၅ Football Highlights
၁၈:၁၅ မင်္ဂလာမျက်နှာဖြင့်ငလယ်ဃာမြို့(အပိုင်း-၂)
၁၈:၄၅ ကမ္ဘာ့မန်ကျင်ဗီဇမျိုးကွဲရုံလင်
၁၉:၄၅ ငွေကုလေးလာအောင်ဘိုင်နယ်ဘာ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

MRTV FARMERS

၀၆:၀၀ အပြင်နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်ယာရေးရာသတင်း
၀၆:၂၀ မြန်မာလူမျိုးတိုရဲ့ပမိမြစ်အစားအစာ နေပြည်တော်ရဲ့ဒွေဥသိပ်သဲကြော်
၀၇:၀၀ ဗိုက်မွှန်းမှုမြေသုတက်
'မြန်မာစိုက်ပျိုးရေးနှင့်စက်မှုလယ်ယာကဏ္ဍ'
၀၈:၀၀ ထင်ရောရှုတ်ရောသောင်းဖိုးကဏ္ဍ
၀၉:၀၀ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များသိသို့
၁၀:၃၀ မြန်မာစာတ်လင်းတဲ့
"The Forest" (ဇာတ်သိမ်းပိုင်း)

MRTV ENTERTAINMENT

၀၉:၀၀ အပြင်းအလံ
၀၉:၃၀ တက်ယာအကြိုင်ပြည်သူလူတွင်တော် ခုတိယပုံမှန်အစည်းအဝေးကျင်းပမှု (Repeat)
၂၀:၀၀ ပြည်တွင်းသတင်း(၆-၀-၂၀၂၆)

MRTV SPORTS

၀၆:၀၀ အပြင်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြမ်း
၀၆:၄၀ Sports Diary
၀၆:၄၀ World Soccer Preview
၀၈:၀၀ (၃၁)ကြိမ်မြောက် SEA Games ပြိုင်ပွဲ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲ (Replay) (မြန်မာနှင့် ထိုင်းမှု)
၁၄:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel

# ဝေါမြို့နယ်၌ မြို့နယ်ပညာရေးမှူးဖလား U-18 အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ဝေါ ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် မြို့နယ်ပညာရေးမှူးဖလား U-18 အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့နံနက် ဧနာရီကမြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး ဖိုလ်လုပွဲသို့တက်ရောက်လာသည့် ပညာရေးနယ်မြေ(၁) အသင်းနှင့် ပညာရေးနယ်မြေ(၂) အသင်းတို့ ယှဉ်ပြိုင်ကြရာ ပညာရေးနယ်မြေ(၁)အသင်းက အနိုင်ရရှိခဲ့သည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီး လွတ်တော် ကိုယ်စားလှယ် ဦးသက်တိုးဝင်းနှင့် မြို့နယ်ဒုတိယပညာရေးမှူး ဦးဝင်းညွန့်ဦးတို့က ဒုတိယဆုရရှိသည့် ပညာရေးနယ်မြေ(၂)အသင်း၊ တတိယဆုရရှိသည့် ပညာရေးနယ်မြေ (၄) အသင်း၊ စတုတ္ထဆုရရှိသည့် ပညာရေးနယ်မြေ(၃)အသင်းတို့မှ ကစားသမားများအား ငွေသားဆုနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။



ထို့နောက် ပထမဆုရရှိသည့် ပညာရေးနယ်မြေ(၁) ဘောလုံးအသင်းအား မြို့နယ်ပညာရေးမှူး ဦးသက်လွင်နှင့် ပညာရေးနယ်မြေ(၁)အသင်းမှ ကစားသမားများက ငွေသားဆု ငွေကျပ် သုံးသိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဆုတံဆိပ်များနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

# MNL ယူ-၂၀ လူငယ်လိဂ် ပြန်ကန်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဩဂုတ် ၅

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၀ မှ ရပ်နားခဲ့ရသည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် Galaxy အသင်းတို့၏ လက်ကျန်မိနစ် ပြန်ကစားသည့်ပွဲကို ဩဂုတ် ၅ ရက်က သန်လျင်သီဟဒီပကွင်း၌ ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲမှာ ဇူလိုင် ၂၅ ရက်က ကစားခြင်းဖြစ်သော်လည်း ဒဂုံစတားယူနိုက်တက်အသင်းက ဒုတိယဂိုးသွင်းယူပြီးနောက် ဂိုးတိုင်ပျက်စီးသွားသဖြင့် ပွဲရပ်နားခဲ့ရပြီး လက်ကျန်မိနစ် ၇၆ မိနစ်ကို ပြန်ကစားခြင်းဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယား တတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၂ မိနစ်တွင် ထွန်းလင်းအောင်၊ ၁၄ မိနစ်တွင် အောင်ခန့်ကျော်၊ ၁၈၊ ၅၂ မိနစ်တို့တွင် မင်းမင်းခန့်တို့က သွင်းယူပြီး Galaxy အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၆ မိနစ်တွင် ကောင်းခန့်လင်းက သွင်းယူသည်။

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁) အပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၆ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၂၄ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၂ မှတ်၊ သစ္စာအားမာန်အသင်းက ၂၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၉မှတ်၊ Galaxy အသင်းနှင့် Falcon အသင်းက ၁၆ မှတ်စီ၊ ရတနာပုံအသင်းနှင့် ရန်ကုန်စီးတီးအသင်းက ၁၅ မှတ်စီ၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၃ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းက ၁၁ မှတ်စီ၊ မြဝတီအသင်းက ခြောက်မှတ်၊ Chinland အသင်းက တစ်မှတ် ရရှိထားသည်။ **သတင်း-မောင်စံကြီး၊ ဓာတ်ပုံ-MNL**



# ကျောင်းကောင်စဉ့ကွဋ္ဌဖလား မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မူဆယ် ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကောင်စဉ့ကွဋ္ဌဖလား မိုးရာသီအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါ ကျောင်း အားကစားကွင်း၌ ကျင်းပသည်။



အဆိုပါအားကစားပြိုင်ပွဲတွင် အသက် (၁၆) နှစ်အောက် ကျား/မ ဘောလုံးအသင်း ၁၀ သင်းနှင့် အသက် (၈) နှစ်အောက် ကျား/မ ဘောလုံးအသင်း ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပထမပွဲစဉ်အဖြစ် အသက်(၈)နှစ်အောက် အမျိုးသားဘောလုံးအသင်းများက ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးM အောင်ဂျာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# (၃၉) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်နှစ်ခု ရရှိ

ရန်ကုန် ဩဂုတ် ၅

(၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိပြီး မြန်မာပိုက်ကျော်ခြင်း အသင်းသည် ကွင်းသွင်းခြင်းခတ်ပွဲစဉ်၌ ငွေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။



မြန်မာပိုက်ကျော်ခြင်း အသင်းသည် ကွင်းသွင်းခြင်းခတ် အမျိုးသား၊ အမျိုးသမီးပွဲစဉ်နှစ်ခုစလုံးတွင် ငွေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအသင်းက အမှတ် ၅၁၀ ဖြင့် ငွေတံဆိပ်ရရှိပြီး ထိုင်းအသင်းက အမှတ် ၅၀၀ ဖြင့် ရွှေတံဆိပ်ရရှိသည်။ အမျိုးသမီးကွင်းသွင်းခြင်းခတ် ပြိုင်ပွဲတွင် ထိုင်းအသင်းက အမှတ် ၆၅၀ ဖြင့် ရွှေတံဆိပ်၊ မြန်မာအသင်းက အမှတ် ၄၇၀ ဖြင့် ငွေတံဆိပ်၊ တရုတ်အသင်းက အမှတ် ၃၇၀ ဖြင့် ကြေးတံဆိပ်ရရှိသည်။

ပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပလျက်ရှိပြီး မြန်မာပိုက်ကျော်ခြင်း အသင်းသည် အခြားပွဲစဉ်များ ယှဉ်ပြိုင်လျက်ရှိသည်။

**သတင်း-ရွှိုင်းထက်ဇော်**
**ဓာတ်ပုံ-MSTAF**

## ★ ထိုင်းဘုရင့်ဖလားမှ

အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲတွင် မြန်မာအသင်းက အိန္ဒိယအသင်းကို ၁၅-၄ မှတ်၊ ၁၅-၈ မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိသည်။ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲတွင် မြန်မာအသင်းက အိန္ဒိယအသင်းကို ၁၅-၈ မှတ်၊ ၁၅-၁၀ မှတ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိသည်။

ပြိုင်ပွဲအုပ်စုခွဲဝေထားမှုအရ နှစ်ယောက်တွဲ အမျိုးသမီးပွဲစဉ်တွင် မြန်မာအသင်းသည် အုပ်စု (B) ၌ ပါကစ္စတန်၊ အိန္ဒိယ၊ လေးယောက်တွဲ အမျိုးသားပွဲစဉ်တွင် မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ မလေးရှားအသင်းတို့နှင့် အုပ်စု (C)၊ လေးယောက်တွဲ အမျိုးသမီးပွဲစဉ်တွင် မြန်မာအသင်းသည် တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ အိန္ဒိယအသင်းတို့နှင့် အုပ်စု (B) တို့တွင် ကျရောက်နေသည်။

အုပ်စုတတိယနေ့ကို ဩဂုတ်၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းများသည် လေးယောက်တွဲ အမျိုးသားပွဲစဉ်၊ အမျိုးသမီးပွဲစဉ်၊ နှစ်ယောက်တွဲ အမျိုးသမီးပွဲစဉ် အုပ်စုလက်ကျန်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-TSF**

## ✪ မြန်မာအမျိုးသမီးလိဂ်မှ

မြဝတီအသင်း၏ ရုန်းကန်မှုကြောင့် အား/ကာသိပ္ပံအသင်း ဂိုးရရန် ရုန်းကန်ခဲ့ရသော်လည်း မိနစ် ၇၀ နောက်ပိုင်းမှ ဂိုးများရခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို လင်းမြင့်မိုရ်က ၇၅၊ ၈၈၊ ၉၀+၃ မိနစ်တို့တွင် သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay player of the Match ဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် အား/ကာသိပ္ပံ တိုက်စစ်ကစားသမား လင်းမြင့်မိုရ်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်ငါးသိန်း ရရှိသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရတနာပုံအသင်းကို အနိုင်ယူပြီး တတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ရှစ်မိနစ်တွင် ယုယနိုင်၊ ၃၂ မိနစ်တွင် ဆောင်းနွင်းဖွေးတို့က သွင်းယူပြီး ရတနာပုံအသင်းအတွက် ချေပဂိုးကို ၆၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အသင်းခေါင်းဆောင် ဝင်းသိဂီဝွန်း သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay player of the Match ဆုကို ရှမ်းယူနိုက်တက် အသင်း ကစားသမား ဒါကိုက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိသည်။

ပွဲစဉ် (၈)အပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၂ မှတ်ဖြင့် ဦးဆောင်နေပြီး ဧရာဝတီအသင်းက ၁၉ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၆ မှတ်၊ သစ္စာအားမာန်အသင်းက ၁၃ မှတ်၊ ရတနာပုံအသင်းက ၁၁ မှတ်၊ မြဝတီ၊ Young Lionesses နှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီရရှိထားကာ ရန်ကုန်စီးတီးအသင်းမှာမူ ရှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ညီညီမင်း**

## ❍ ၂၀၂၆ ခုနှစ်မှ

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၂၃ဂိုး-ဂိုး မရှိဖြင့်လည်းကောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၁၉ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ဩဂုတ် ၆ ရက်တွင် ဖူဆယ်ပြိုင်ပွဲအုပ်စုပတ်လည် ပွဲစဉ်များအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ



## လူငယ်နှင့် ဘဝအောင်မြင်ရေး

# အလုပ်ကို မထိခိုက်ပါစေနှင့်

ပီမိုးနင်း

သူဌေးကြီးတစ်ယောက် ညစာစား၍နေ၏။ ထိုအခိုက် တုံကင်းသမားတစ်ယောက် ပြေး၍ဝင်လာပြီး သူဌေးမင်း၏ တုံကင်းနှစ်စင်းစပါးအပြည့်နှင့် တွဲတေားချောင်းမှာ သင်္ဘောနှင့် တိုက်မိလို့ မြုပ်သွားပါတယ်ဟု ပြောလေ၏။

ထိုသတင်းကို ကြားသောအခါ သူဌေးသည် ညစာကို ဆက်ပြီး စားနိုင်ပါဦးမည်လား။

သူဌေးစစ် သူဌေးစိတ်မှာကား ထမင်းကို ဝအောင်အေးအေးဆေးဆေး ဆက်၍စားနိုင်ရာ၏။ ဆက်လက်မစားနိုင်၊ ထမင်းကို မျိုချမကျ၊ ပျာလောင်ခတ်ကာ တောင်ကိုဆူ မြောက်ကိုကြိမ်း။ တုံကင်းအထိန်းကို ဆဲလိုဆဲဖြစ်၍နေချေက ထိုလူသည် သူဌေးမဟုတ်၊ ကြာဖြင့်စွာ သူဌေးမဖြစ်နိုင်၊ လျင်မြန်စွာ ပျက်စီးရမည်သာတည်း။

စီးပွားသော်လည်းကောင်း ပျက်စီးရာ၏။ လူကိုယ်တိုင်သော်လည်း သေကျေပျက်စီးဖို့ ရှိလေသည်။

အလုပ်ကြီးလုပ်သောသူများသည် အလုပ်ကို တွင်ကျယ်အောင် အကြံဉာဏ်ကိုထုတ်ကာ လုပ်ကိုင်ဖို့သာရှိ၏။ လောကဓမ္မတာအတိုင်း မတွေ့ဘဲ မနေနိုင်သော ပျက်စီးခြင်း၊ အနှောင့်အယှက်ဖြစ်ခြင်းများကို ဂရုမစိုက်ရပေ။ တိုး၍ရဖို့နှင့် ဖြစ်ပျက်ခြင်း၏ အကြောင်းရင်းများကို စုံစမ်းစစ်ဆေးကာ လုပ်ကိုင်သွားဖို့သာ ရှိလေသည်။

**အလုပ်ကြီးလုပ်သောသူများသည် အလုပ်ကို တွင်ကျယ်အောင် အကြံဉာဏ်ကို ထုတ်ကာ လုပ်ကိုင်ဖို့သာရှိ၏။ လောကဓမ္မတာအတိုင်း မတွေ့ဘဲ မနေနိုင်သော ပျက်စီးခြင်း၊ အနှောင့်အယှက်ဖြစ်ခြင်းများကို ဂရုမစိုက်ရပေ။ တိုး၍ရဖို့နှင့် ဖြစ်ပျက်ခြင်း၏ အကြောင်းရင်းများကို စုံစမ်းစစ်ဆေးကာ လုပ်ကိုင်သွားဖို့သာ ရှိလေသည်။**

အကြီးအကျယ် လုပ်ကိုင်သူတို့မှာ ထိုအပျက်အစီးမျိုးသည် မတွေ့ဘဲမနေနိုင်သော ဓမ္မတာဖြစ်လေသည်။ သေးသေးငယ်ငယ် အလုပ်ကို လုပ်သူများမှာ သေးသေးငယ်ငယ် ပျက်စီးဆုံးပါးခြင်းကလေးများနှင့် မကင်းနိုင်ကြပေ။ သို့ဖြစ်လေရာ စိတ်ကြောင့် အလုပ်ကို မထိခိုက်ရန်သာ လိုလေသည်။

လူမှုနှံသမျှမှာ အပျက်အစီးနှင့် တွေ့ရမြဲဖြစ်လေသည်။ ပျက်စီးခြင်း တစ်ခုခုနှင့် တွေ့သည်အခါ နမြော်၍ဖြစ်စေ၊ ကြောက်၍ဖြစ်စေ၊ အလုပ်ကိုသော်လည်းကောင်း၊ ကျန်းမာခြင်းကိုသော်လည်းကောင်း မထိခိုက်စေရအောင် ဖြေတတ်ရလေသည်။

အချို့မှာ တစ်စုံတစ်ရာဖြစ်လျှင် ကံဇာတာညှိုးလာပြီး အကျိုးပေးချိန်ကုန်ပြီ၊ ပျက်ချိန်ရောက်လာပြီဟု တွေးခေါ်ပူပန်ကြောက်ရွံ့ခြင်းများဖြစ်သည့်အခါ မသာယာသောစိတ်ကြောင့် မသာယာသော အိပ်မက်များကို မြင်မက်ရ၏။ ဗေဒင်ဆရာကို မေးလျှင် ဧကန်တစ်ခုခု ဖြစ်လို့ မေးတာပဲဟု ရိပ်မိသော ဗေဒင်ဆရာသည် အပျက်အစီး တွေ့တတ်ကြောင်း၊ ပစ္စည်းဆုံးပါးဖို့မြင်ကြောင်း၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်းသော်လည်းကောင်း၊ ငွေသော်လည်းကောင်း ထွက်ဖို့မြင်ကြောင်း၊ သုံးတောင်ဝတ်မိန်းမ၊ အထက်လူကြီးများကြောင့် စိတ်မချမ်းမသာဖြစ်ဖို့ မြင်ကြောင်းများကို လျှောက်လဲ၍ ဟောတတ်လေသည်။ ထိုနည်းမျိုးတစ်ခု မမှန်လျှင် တစ်ခုမှန်ဖြဖြစ်လေသည်။ အကြောင်းမူကား အပျက်များသော လောက၊ စိတ်ညစ်စရာတွေများစွာတွေ့ရသော လောကကြီးမှာ ထိုအဖြစ်မျိုးတွေ မကင်းနိုင်ပေ။ ဤသို့ ဗေဒင်ဟောသောအခါ အလွန်ထိတ်လန့်ပြီး မကြံရဲ၊ မသွားရဲ၊ မလာရဲဖြစ်ကာ ပိုမို၍ ပျက်စီးဆုတ်ယုတ်သည့်အပြင် ဥပဒေရောက်တတ်လေသည်။

ဥရောပ၊ အမေရိကတိုက် အလုပ်ကြီးများမှာ ဒါရိုက်တာလူကြီးတွေ အဘယ်မျှလောက်ပင် ဇာတာညှိုး၍ သေကြေစေကာမူ အလုပ်ကို မထိ၊ အလုပ်ကြီးများမှာ နှစ်ပေါင်း ငါးဆယ် တစ်ရာ နှစ်ရာ တည်ခဲ့ကြလျက် တိုးတက်ကြီးကျယ်၍သာ နေကြသည်များကို တွေ့နိုင်လေသည်။

အိပ်မက်ကြောင့်လည်းကောင်း၊ နိမိတ်တစ်စုံတစ်ရာကြောင့်လည်းကောင်း ထိတ်လန့်စိုးရိမ်ကာ အလုပ်ကို မထိခိုက်စေရအောင် သတိထားဆင်ခြင်အပ်ကြပေသတည်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -**

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

**၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူ ဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဘိုကလေးစွေးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ တိုက်အမှတ်(၂၉၃)၊အမှတ် (၁၇)၄-ထပ်တိုက် (၃-လွှာ) ခြေရင်းခြေမိုးရှိ အခန်း(၁၃)ပေး(၅၅)ပေ တိုက်နှစ်းသည် တရားဝင်ပိုင်ဆိုင်ထားသူ ကွယ်လွန်သူ (ဦးမောင်မောင်)(ဒေါ်သန်း)၏ သားသမီးများဖြစ်သော ဒေါ်နွဲ့မင်း မှတ်ပုံတင်အမှတ်(၁/ဗတထ(နိုင်)၀၁၉၀၀၅)၊ ဒေါ်နီလာဝင်းဖြင့် (၁/ရကန(နိုင်)၀၁၇၇၆၂)၊ ဒေါ်ကြူကြူဆွေ (၁/အစန(နိုင်)၀၁၇၇၆၂)၊ ဦးလေဝင်းတို့၏လက်ဝယ်တွင် တရားဝင်ပိုင်ဆိုင်ထားပြီး ငွေပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီအေး(၁/မကန(နိုင်)၀၀၀၁၀၀)ဝယ်ယူရန်အတွက် ညှိနှိုင်းသဘောတူညီခဲ့ကြ၍ တန်ဖိုးသင့်ငွေ၏ အချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက် အထားမူရင်းများဖြင့် လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက ကန့်ကွက်သူမရှိခဲ့လျှင် ဤတိုက်ခန်း ရောင်းဝယ်ရာပုဂ္ဂိုလ်များကို ဥပဒေနှင့်အညီ စာချုပ်ချုပ်ငွေလေးချေ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညှိနှိုင်းသူ**
**ဦးမြင့်သိန်း B.SC (H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၄၃၉/၈၉)**
**အမှတ်(၁၈)၊ မြေညီထပ်၊ (၁၁၀)လမ်း၊ မဂၤလာတောင်ညွန့်။**
**ဖုန်း-၀၉-၅၁၃၂၃၅၀**

---

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုဓိဇာ(၉)လမ်း၊ အမှတ်(၂၈၃) နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ တတိယထပ်(၄-လွှာ)၊ (ကန်ထရိုက်တာခန်း) ကြိုပြိုင့်တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါ ကြိုပြိုင့်တိုက်ခန်းနှင့် တွယ်ဆက်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ပိုင်ဆိုင်၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ကန်ထရိုက်တာ ဒေါ်နန္ဒာအေး (၉/ပဘန(နိုင်)၁၉၀၇၃၈)ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးတင်မောင်မြင့်က စရန်ငွေတစ်စိတ်တစ်ဒေသေးငေးချထား ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်ခွင့်ပိတ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညှိနှိုင်းသူများ**
**ဦးဃည်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၇၁)**
**ရုံးခန်း-အမှတ်(၁၀/၉၇)၊ နွယ်သာကီဝန်းဦရေ့၊ မောသီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၁၂၆၄**

---

## ဖခင်အမည်မှန်

လှည်းကူးမြို့၊ အ.ထ.က စာသူငယ်တောင်း Grade-5 မှ မောင်မင်းသန့်ကို၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုးသူ [၁၂/လကန(နိုင်)၁၉၉၆၇၉] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မိလင်းလဝန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင်မင်းဦး ဖြစ်ပါကြောင်း။ **ဦးမင်းအောင်မင်းဦး**

---

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ မလวန်ရံလမ်းသွယ်(၁)၊ အောင်မွန်ပိသာ၊ အမှတ် (၁၆၆)ဟူသော် ဆောက်လုပ်ထားသော (၃)ထပ်တိုက်အဆောက်အဦကို ဒေါ်သန်းသန်း၀င်း [၁/လမန(နိုင်)၀၁၉၀၇၆] ထံမှ (၁၀-၅-၂၀၀၉) နေ့ရွှဲဖြင့် လက်ရောက်ငွေကျေးပေး ဝယ်ယူထားပါကြောင်း အဆိုပြုလျက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိဖြူဝေ [၁/လမန (နိုင်)၁၃၄၀၆၆] အား (၃၀-၆-၂၀၂၆) နေ့ရွှဲဖြင့် လက်ရောက်ငွေကျေးပေး ရောင်းချထားပြီးဖြစ်သည့်အတွက် မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာချုပ်စာတမ်း များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညှိနှိုင်းချက်အရ -**
**ဦးတင်အောင်ကြည်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၃၀/၂၈-၂-၂၀၁၇)**
**အမှတ် (၅/၆၂)၊ အောင်ဇေယျလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၈၇၃၃၊ ၀၉-၉၇၁၄၃၃၃၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့ဖြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ် (၆၅)၊ (၃)လွှာအကျယ်(၂၅၊၈၅၀ပေ) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရေးဒုတ်ချွတ်ရှိပါကြောင်း ဝန်ခံပြောဆိုသူ ဦးယုဓိန်(ခ)လိုင်ယူစင်[၁/ကတတ(ပြု)၀၀၀၀၈၉]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အရောင်း အဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက် အတွင်း စာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းလက်ရောက်ရယူပြီး အပြီးသတ်ငွေချေ အရောင်းအဝယ်စာချုပ်ဆက်လက်ပြုလုပ်သွားမည်ဟု ကြေညာ အပ်ပါသည်။

**လွှဲအပ်ညှိနှိုင်းချက်အရ**
**ဦးစိန်မြင့်** **ဦးညီလင်းဇေ**
**စဉ်-၁၀၉၁၆** **စဉ်-၃၅၃၂၆**
**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ -၀၉-၈၈၅၀၈၅၅၉**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ရန်ကုန်မြို့ အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး ( ၅၁ )နေရာအတွက် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ ) | (၄၀) နေရာ | အခြေခံပညာအထက်တန်းအောင် ကွန်ပျူတာသင်တန်ဆင်း လက်မှတ်ရရှိသူ |
| (ခ) | ယာဉ်မောင်း(၅) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ ) | (၄) နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိသူ၊ ယာဉ်မောင်းလိုင်စင်(ခ)အဆင့် ရရှိပြီး လုပ်ငန်းအတွေ့ အကြုံ(၂)နှစ်ရှိသူ |
| (ဂ) | လုံခြုံရေး(၅) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ ) | (၃) နေရာ | အခြေခံပညာအလယ်တန်းအဆင့်ရှိသူ၊ လုံခြုံရေးလုပ်ငန်းအတွေ့အကြုံရှိသူ |
| (ဃ) | သန့်ရှင်းရေးအကူ ( လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ ) | (၄) နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိသူ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်အထက်မကျော်လွန်သူဖြစ်ရမည်။ အမှတ်စဉ်(ဂ)နှင့် (ဃ)ရာထူးနေရာများအတွက် အသက်ကန့်သတ်ချက်ကို ကျန်းမာရေးအခြေအနေနှင့် လုပ်ကိုင် နိုင်စွမ်းပေါ်မူတည်၍ လျှော့ပေါ့စဉ်းစားပေးမည်။ **ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက် (၃)နှစ်ပိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။**

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(င) အနည်းဆုံးလုပ်သက်(၂)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မဟုတ်ပဲထိခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမြဲန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ စာမေးပွဲဝင်ကြေး ငွေကျပ်( ၂၀၀၀/- ) ( ကျပ်ခုနစ်ထောင်တိတိ )ကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃) စာရင်းအမှတ် ( CF 000513 )သို့ ပေးသွင်းကြရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-

(က) လျှောက်ထားသည့်ရာထူးအမည်၊

(ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ဂ) မွေးနေ့သက္ကရာဇ်နှင့် အသက်၊

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

(င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊

(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊

(ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊

(ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊

(ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်း ရိုက်ထားသော ပတ်စပို့ဓာတ်ပုံ (၁ လက်မ x ၁.၅ လက်မ) (၃)ပုံ ( နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန် )

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား ( မိတ္တူ )

(ဂ) အမှတ်စဉ်(က)အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ) ( အောင်လက်မှတ်တွင် မိတ္တူဖုန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) သက်ဆိုင်ရာလုပ်ကွက်နှင့် ရဲစခန်းတို့မှ ( တစ်လအတွင်းရရှိသည့် ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)

(င) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်

(စ) ဝင်ကြေးပေးသွင်းပြီးကြောင်း ပြေစာချုပ် (မူရင်း)

၆။ လျှောက်လွှာများကို စီမံခန့်ခွဲမှုနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း (၅ - ၉ - ၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောလျှောက်လွှာများ၊ အချက်အလက်များ၊ စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသော လျှောက်လွှာများကို (လုံး၀) ထည့်သွင်း လက်ခံ စဉ်းစားမည်မဟုတ်ပါ။

၈။ အမှတ်စဉ်(က)အတွက် လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဖြစ်ပါသည်။ ဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ Website www.mmftb.gov.mm နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမှတ် ၈၀-၈၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၉။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်ပြီး၊ ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ Website www.mmftb.gov.mm နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမှတ် ၈၀-၈၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၁၀။ အမှတ်စဉ်(ခ)မှ (ဃ)အထိ ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ Website www.mmftb.gov.mm နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမှတ် ၈၀-၈၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက စီမံခန့်ခွဲမှုနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ တယ်လီဖုန်းအမှတ် - ၀၁-၈၃၇၂၃၇၇ -၁၃၈-၁၃၉ ၊ လိုင်းခွဲ(၂၀၂/၂၀၆)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**
**အမှတ် (၈၀-၈၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၈၃၇၂၃၇၇ -၁၃၈-၁၃၉ ၊ လိုင်းခွဲ(၂၀၂/၂၀၆)**

---

## SAGA ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

အောက်ပါဖော်ပြပါကုန်အမှတ်တံဆိပ်ဖြင့် အီလက်ထရွန်နစ်အစိတ်အပိုင်းအချို့ကို ပြည်ပမှ တင်သွင်း၍ လည်းကောင်း၊ အစိတ်အပိုင်းအချို့ကို မြန်မာနိုင်ငံတွင်ထုတ်လုပ်၍လည်းကောင်း တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ လေအေးပေးစက်၊ ပန်ကာအမျိုးမျိုး၊ လျှပ်စစ်မီးပူ၊ စပီကာအမျိုးမျိုး၊ မိုက်ခရိုဖုန်း၊ အင်ပလီဖိုင်ရာ၊ ရေသန့်စက်၊ သစ်သီးဖျော်စက် စသည့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုးနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးပေါ်တွင် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားအဖြစ် အသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၄၃၀၀၆)ဖြင့် (၉-၈-၂၀၀၂) ရက်နေ့၌ မှတ်ပုံတင်သွင်းခဲ့ပြီး မြန်မာနိုင်ငံတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ယခုအခါ အဆိုပါကုန်အမှတ် တံဆိပ်အမည်အမှတ်အသားကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (၂၀၁၉) အရ မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်နံပါတ်- **TM/2024/003481** ဖြင့် မှတ်ပုံတင်လက်မှတ်ရရှိထားပြီး **Eco Shine Trading Co., Ltd.** မှ ဖော်ပြပါ အီလက်ထရွန်နစ်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ သုံးစွဲသူများကြားတွင် ကောင်းသော ဂုဏ်သတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်-

**SAGA**

(မှတ်ပုံတင်နံပါတ်- TM/2024/003481)

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား တုပပြုလုပ် ၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိပါက ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ-

**ဦးသွင်ဇာနည်ဦး** (ဥပဒေဘွဲ့)
Diploma in Business Law, Diploma in International Law (UK)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၅၅)
အမှတ်(၁၇၄၆)၊ ပထမထပ်၊ မိဘရိပ်မွှန်ကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၁၈- ၂၉၆၁၀၃ ၂၊ ၀၁၈- ၂၀၃၄၉၆၆

## “ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်– ၂၂ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်– 27 A1၊ မြေကွက်အမှတ်– ၁၀ခ၊ ဧရိယာ (၀.၀၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ပိုင်ရှင်များဖြစ်သော ဦးဝင်းထိန်[၁၂/ကတတ(နိုင်)၀၀၈၆၀၃]နှင့် ဒေါ်အေးအေးယု[၁၂/ကတတ(နိုင်)၀၀၈၁၁၈]တို့က မွေးစားသားများဖြစ်ကြသော မောင်ခြူးဝင်းထိန်[၁၂/လမတ(နိုင်)၀၃၅၄၇၇]နှင့် မောင်ချိုဝင်းထိန်[၁၂/လမတ(နိုင်)၀၃၅၄၇၈]တို့ကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့် ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်လှတင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၄၅)**
**အမှတ်–၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၂၁၂၄၄**

## Trademark Caution

Oscar Lubricants LCC, a company incorporated under the laws of United Arab Emirates and having its principal place of business at New Industrial Area 1, Ajman. United Arab Emirates do Solemnly and sincerely declare as follows–

1. That our company Oscar Lubricants LCC are the Owner and Sole Proprietor of the following Trademark–

OSCAR

Reg No. 394A/ 16.4.2018

In respect of:

2. That the above mentioned Trademark is used in respect of the goods services. Class 4 includes industrial oils, greases, lubricants, dust compositions fuel (including motor spirit)
3. That our company reserves to itself the right to use the said Trademark in any colour or in combination of colours on the said goods imported and/or sold by/on behalf of the company in the Republic of the Union of Myanmar.
4. That our Company claims the exclusive right of trademark ownership in the Republic of the Union of Myanmar.

Any fraudulent limitation or unauthorized use of the said Trademark will be dealt with according to law.

**U Aung Thein (B. Econ, D.S, R.L)**
**Advocate (7598)**
**09–5001619**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်–၅၇၄၊ ဦးပိုင်အမှတ်– ၃၄–င/ ၃၁x၃၂ကြား၊ ၈၄x၈၅လမ်းကြားရှိ ဒေါ်အေးကြည် အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်စိန်စိန်နှင့် ခင်ပွန်း ဦးခင်လတ်၊ သား ဦးမောင်မောင်(လူပျိုဘ၀)၊ ဒေါ်လှမြင့်နှင့် ခင်ပွန်း ဦးကြိုင်၊ ဒေါ်ခင်ညွန့်နှင့်ခင်ပွန်း ဦးဘဋ္ဌေး၊ သမီး ဒေါ်ဝင်းဝင်း (အပျိုဘ၀)၊ သား ဦးသန်းဆွေ(လူပျိုဘ၀)။ သမီး ဒေါ်ညိုညို (အပျိုဘ၀)နှင့် ဒေါ်အေးကြည်(အပျိုဘ၀)တို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီး၊ တူ၊ တူမ များဖြစ်ကြသော ဒေါ်နီနီ [၉/မရမ(နိုင်)၀၂၇၈၂၆]၊ ဦးမျိုးမြင့် [၉/မရမ(နိုင်)၀၁၄၃၈၅]၊ ဒေါ်တူးတူး [၉/မရမ(နိုင်)၀၁၄၄၉၂]၊ ဒေါ်တိုးတိုး[၉/မနမ(နိုင်)၀၉၂၄၁၄]၊ ဦးအောင်သိန်း[၉/မရမ(နိုင်)၀၅၈၃၉၇]တို့က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉၀၂)၊ ဦးပိုင်အမှတ်– ၂၁–ဆ/ ၇၈လမ်းxရန်–မန်းလမ်းကြား၊ ၁၀၁x၁၀၂လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်နှင်းအေးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၀၆၁/၂၀၀၇)ဖြင့် ဒေါ်စစ်မြိုင်က ဝယ်ယူခဲ့ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၂၆၀/၂၀၀၇)ဖြင့် ဒေါ်အေးကြည်၊ ဦးစိန်ဝင်း တို့ ဝယ်ယူခဲ့ပါသည်။ မိခင် ဒေါ်အေးကြည်၊ ဖခင် ဦးကျော်သန်း၊ ခင်ပွန်းဦးစိန်ဝင်း တို့ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီး၊ ဇနီးတို့ဖြစ်ကြသော ဦးစိုးမင်း[၉/မရတ(နိုင်)၀၁၇၀၈၃]၊ ဒေါ်သူဇာ[၉/မရတ(နိုင်)၀၁၆၉၆၁]၊ ဒေါ်ခင်မာသီ[၉/မရတ(နိုင်)၀၁၅၇၀၂]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၁၅)၊ ဦးပိုင်အမှတ်(၁၈–ဠ)၊ ၂၉x၃၀ကြား၊ ၇၃x၇၄လမ်းကြားရှိ ဘိုးဘ မြေကွက် အမည်ပေါက်သော ဦးတင်မြသိန်း(ဇနီး) ဒေါ်မွန်စီ၊ (သမီး)မသင်းသင်းမော် (သား) မောင်စိုးမိုးသိမ်း၊ မောင်နိုင်ဝင်းသိန်းတို့ (၅)ဦးအနက် ဦးတင်မြသိန်း၊ ဒေါ်မွန်စီ တို့ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၃၀၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သင်းသင်းမော်၊ ဦးစိုးသိမ်း၊ ဦးနိုင်ဝင်းသိမ်း(ခ)နိုင်ဝင်းသိန်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၉၃/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သော ဦးတင်မောင်ဝင်း[၉/မခန(နိုင်)၀၁၁၆၆၀]၊ ဒေါ်မြင့်မြင့်ဝေ[၉/မခန(နိုင်)၀၂၁၂၄၀]တို့က အမှုတွဲအမှတ်(၀၀၈၄/ဘ(ပြောင်း)/၂၀၂၆–၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ် အ.ထ.က (ညောင်ကုန်း) Grade – 8 မှ မနဒီချမ်း၏ ဖခင်အမည်မှန်မှာ ဦးအဘီယာ [၃/ကဆက(နိုင်)၁၀၇၃၁၈] ဖြစ်ပါကြောင်း။

**ဦးအဘီယာ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အ.ထ.က(၂) ကျိုက်ထို Grade–11 (A)မှ မဖြိုးအိအိဇွန် ၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင်[၁၀/ကထန(နိုင်)၁၀၃၆၇၁]ဖြစ်ပါကြောင်း။

**ဦးမျိုးအောင်**
**[၁၀/ကထန(နိုင်)၁၀၃၆၇၁]**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အ.ထ.က(၂) ကျိုက်ထို Grade–11 (B)မှ မယွန်းမေခင်သော် ၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွန်း [၁၀/ကထန(နိုင်)၀၆၁၀၃၉] ဖြစ်ပါကြောင်း။

**ဦးမောင်ထွန်း**
**[၁၀/ကထန(နိုင်)၀၆၁၀၃၉]**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်ခင်းရပ်ရှိ ADHIPATI–MON ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade–9 တွင် ပညာသင်ကြားနေသော မောင်ဝေယံဖြိုး ၏ ဖခင် အမည်မှန်မှာ ဦးထိန်လင်း ဖြစ်ပါကြောင်း။

**ဦးထိန်လင်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ကော့မှူးမြို့နယ်၊ ထန်းမနိုင်ကျေးရွာ အ.ထ.က(ထန်းမနိုင်)၊ Grade– 12 မှ မပန်းနုချစ်ကြည်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်[၁၂/ကမန(နိုင်)၀၇၈၁၉၈] ဖြစ်ပါကြောင်း။

**ဦးသန့်ဇော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်–(၅၅)၊ အကွက်အမည်–မင်းလမ်းအကွက်၊ ဦးပိုင်အမှတ်–၃၂(က)၊ မြေချိန်ဧရိယာ (၀.၀၄၉)ဧက၊ ဦးပိုင်အမှတ်–၃၂(ခ)၊ မြေချိန်ဧရိယာ(၀.၀၄၉)ဧကစုစုပေါင်းမြေချိန်ဧရိယာ(၀.၀၉၈)ဧကရှိ (ဒေါ်အမာနှင့်ဒေါ်ခင်မြ)တို့ သားအမိအမည်ပေါက်သော မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၅၄) ဟုခေါ်တွင်သော တစ်ထပ်တိုက် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွယ်လွန်သူများဖြစ်သည့် (ဒေါ်အမာနှင့် ဒေါ်ခင်မြ)တို့၏ ဆက်ခံသူများဖြစ်သော ၁။ဒေါ်ရွှေရွှေမြင့်၊ ၂။ဒေါ်ဝေဝေလွင်၊ ၃။ဒေါ်အုန်းအုန်းမြင့်၊ ၄။ဒေါ်ခင်ထွေး၊ ၅။ဦးမြသိန်း၊ ၆။ဒေါ်ဖြူဖြူအောင်၊ ၇။ဦးမင်းနိုင်သိန်း၊ ၈။ဒေါ်သဲစုသိန်း၊ ၉။ဦးမျိုးမင်းသိန်း၊ ၁၀။ဒေါ်ခင်မျိုးဝေ၊ ၁၁။ဒေါ်နွဲ့နွဲ့စန်းတို့မှ အမွေဆိုင်များအဖြစ် လက်ရှိပိုင်ဆိုင်ထားကြပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်လုံးဝမရှိ အမွေစားအမွေခံမှစ၍ အခြားသူတစ်ပါးထံ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းစသော ပိုင်ဆိုင်အကျိုးခံစားခွင့် အရှုပ်အရှင်းတို့မှ လုံးဝကင်းရှင်းကြောင်းနှင့် လွတ်လပ်စွာရောင်းချစီမံခန့်ခွဲပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်နှင့်မြေကွက်များအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးစိုးလွင် (ဘ)ဦးကျော်ဟွန်း[၁၀/သထန(နိုင်)၀၈၄၂၃၀]+ဒေါ်သီသီမြင့် (ဘ)ဦးလှမြင့်[၁၀/သထန(နိုင်)၀၈၄၂၄၁]တို့ ဇနီးမောင်နှံက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်တော့်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးလွင်+ဒေါ်သီသီမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မိုးအောင်(LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၉၆)**
**အပြင်အနန်းကုန်းလမ်း၊ အောင်ချမ်းသာပိုင်း၊ နောင်ဘိုကျေးရွာ၊ သထုံမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်– ၂၂ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်– 27 A1၊ မြေကွက်အမှတ်– ၁၀/က–၂၊ ဧရိယာ (၀.၀၄၄)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ပိုင်ရှင်များဖြစ်သော ဦးဝင်းထိန်[၁၂/ကတတ(နိုင်)၀၀၈၆၀၃]နှင့် ဒေါ်အေးအေးယု[၁၂/ကတတ(နိုင်)၀၀၈၁၁၈]တို့က မွေးစားသားများဖြစ်ကြသော မောင်ခြူးဝင်းထိန်[၁၂/လမတ(နိုင်)၀၃၅၄၇၇]နှင့် မောင်ချိုဝင်းထိန်[၁၂/လမတ(နိုင်)၀၃၅၄၇၈]တို့ကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့် ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်လှတင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၄၅)**
**အမှတ်–၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၂၁၂၄၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ လှိုင်သီရိ(၁)လမ်း၊ မြေကွက်အမှတ်(၈၅၂)၊ အကျယ်အဝန်း(၄၅ ပေx၆၀ ပေ )ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၁ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိမှအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သင်းစုစုအောင်[၁၂/ဒဂမ(နိုင်)၀၀၄၈၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက်(၄–၈–၂၀၂၆)ရက်နေ့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ပြုံးလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၃၁၉)**
**ဖုန်း–၀၉–၄၂၃၆၅၄၀၄၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၄)၊ ဦးပိုင်အမှတ်(၇၁)ခဲစင်း/၈၉လမ်း၊ ၂၉x၃၀လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သော မောင်ကောင်း၊ မမြတို့ (၂)ဦးထံမှ ပိုင်ဆိုင်ကြောင်း ကြေညာစာအမှတ်(၁၈၀၆/၁၉၉၅)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးဘသန်းထံမှ အပေးစာချုပ်အမှတ်(၁၉၂/၁၉၉၆)ဖြင့် ပေးကမ်းခြင်းကို လက်ခံခဲ့သူ ဒေါ်ကြည်အေးထံမှ အပေးစာချုပ်အမှတ်(၃၈/၂၀၁၀)ဖြင့် ပေးကမ်းခြင်းကိုလက်ခံခဲ့သော ဒေါ်မြမိုးဖြူ[၉/ခအဇ(နိုင်)၀၂၈၃၀၉]၊ ဦးမျိုးမင်းဖြိုး[၉/ခအဇ(နိုင်)၀၂၈၂၅၃] တို့က အမှုတွဲအမှတ်(၀၀၈၂/ဘ၊ခွဲ(ပြောင်း)/၂၀၂၆–၂၀၂၇)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

မောင်အောင်ပြည့်သိန်း (ဘ) ဦးစိုးသိန်း [၁၂/လမတ(နိုင်) ၀၃၃၈၄၀]ကိုင် ဆောင် သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (MJ 984400) ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၂၁၀၅၂၀၃၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျင့်ဇကပ်၏ သမီး ဒေါ်ဝုန်ဟောက်ကျိန် [၅/တမန(နိုင်)၀၀၀၅၇၈]၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၂၉၃၄၄၆**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဇော်ဝင်း ၏ သား မောင်ဟိန်းထက်ဇော် [၁၂/ဒဂဆ(နိုင်) ၀၄၃၉၁၈] ၏ BST လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၅၃၉၄၁၅၀**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ အ.ထ.က၊ မြို့မကျောင်း Grade–12 မှ မောင်လပြည့်ဝန်း ၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်[၇/ဇကန(နိုင်)၀၄၀၉၀၂]ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်**
**[၇/ဇကန(နိုင်)၀၄၀၉၀၂]**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(အစင်)၊ Grade(6) တွင် ပညာသင်ကြားနေသော မောင်ဘုန်းမြတ်လင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်နိုင် [၁၄/ဒဒရ(နိုင်)၀၉၀၃၆၆] ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်နိုင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(အစင်)၊ Grade(7)မှ မထက်မြတ်နိုးဦး ၏ ဖခင်အမည်မှန်မှာ ဦးစန်းဦး[၁၀/ရမန(နိုင်)၀၃၉၈၈၀] ဖြစ်ပါကြောင်း။

**ဦးစန်းဦး**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကျောက်မီးချောင်း (တောင်) အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၊ Grade(7) တွင် ပညာသင်ကြားနေသော မောင်အောင်ကြည်ဖြိုးပိုင် ၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်ဝင်း [၁၀/ရမန(နိုင်)၁၄၈၂၀၃] ဖြစ်ပါကြောင်း။

**ဒေါ်တင်တင်ဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်(၈)ရပ်ကွက်၊ သုခလမ်း(ဦးချိုလမ်းထိပ်)၊ သုခချိုကွန်ဒို၊ တိုက်အမှတ်(1A)၊ အခန်းအမှတ်(၇၀၁)၊ အကျယ်အဝန်း(၂၂'×၅၅')ခန့်ရှိ(၇)လွှာကွန်ဒိုတိုက်ခန်းရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မိုးသီတာ(၁၂/လမန(နိုင်)၀၄၅၀၃၂)ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ် ခင်အေးမြင့်(စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊မြေညီထပ်၊(၃၄)လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၅၁၈၆၀၄၅။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3161 အမျိုးအမည် Suzuki Carry DA 63 T အမျိုးအစား၊ P/Uယာဉ်လက်ဝယ်ရှိသူအမည် ဦးဘိုဘိုထွန်း မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၂၀၉၁၀၇]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 75 W/21363 အမျိုးအမည်၊ WUYANGHONDA–110 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်လှိုင်လှိုင်ဦး မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၃၇၁၇၆၆]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 77 W/64592 အမျိုးအမည်၊ Honda Click–125 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်အိဇင်မိုး မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၃၆၉၃၇၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ကြော်ငြာစာ

